ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ ကြာသပတေးနေ့၊ (26-8-2004)(၄၃၃၇)

သမဏာနဉ္စ ဒဿနံ
တေံ မင်္ဂလ မုတ္တမံ။

ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေထုတ်ပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
အမှတ် ၆/၂၀၀၄)
၁၃၆၆ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ရက်
(၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၂၅ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ပုဒ်မ ၄တွင် ပါရှိသော "for carrying out the Convention relating to the regulation of Aerial Navigation, signed at Paris, October 13, 1919, with Additional Protocol, signed at Paris, May 1, 1920, and any amendment which may be made there to under the provisions of Article 34 there of." ဆိုသည့် စကားရပ်ကို

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✧

ရင်းရင်းနှီးနှီး နှုတ်ဆက်

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အထွေထွေရောဂါကုဆေးရုံသစ်ကြီး (ရန်ကုန်)၌ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက် သည့် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ကြည့်ရှုအားပေးပြီး ခွဲစိတ်အထူးကုဆရာဝန်ကြီးများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံတွင်ပထမဆုံးအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှု ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၂၅

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေပိုင်းတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)၌ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ကြည့်ရှုအားပေးသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ညနေ ၆နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)သို့ ရောက်ရှိလာရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်များက ကြိုဆိုကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးရုံသစ်ကြီးခွဲစိတ်ခန်း၌ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ နော်မန်လှ ဦးဆောင်၍ ခွဲစိတ်အထူးကုဆရာဝန်ကြီးများက အသည်းရောဂါလူနာအား

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ
The Mirror

ဆောင်းပါး
အညွှန်း

*ယနေ့မျက်မှောက်ကမ္ဘာသည် ဒေသအားလုံးနှင့် နိုင်ငံအားလုံးကို ပေါင်းရုံးခြင်းအားဖြင့် **Peace and Development** တည်းဟူသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး လမ်းကြောင်းပေါ် တူရှုပြုနေသည့် ကာလဖြစ်သည်။ ဤလမ်းမှလွဲ၍ အခြား ရွေးချယ်စရာ လမ်းမရှိချေ။*

ဖဒိုတင်ရွှေ၏ **"သွေးကပြောသော သစ္စာစကား"**

ဆောင်းပါး (စာမျက်နှာ-၃)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၆-၈-၂၀၀၄
(ကြာသပတေးနေ့)

စက်မောင်းဆီများ ခြိုးခြံချွေတာ

သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ တိုးချဲ့သုံးစွဲ

မျက်မှောက်ကမ္ဘာတွင် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းသည် အဆမတန် မြင့်တက်လာလျက်ရှိသည်။ မြန်မာနိုင်ငံသည် ဓာတ်ဆီ၊ ဒီဇယ်ဆီစသည့် စက်မောင်းဆီများ ပြည်တွင်း၌ လုံလောက်မှုမရှိသဖြင့် နှစ်စဉ် ပြည်ပမှ ဝယ်ယူတင်သွင်းရလျက်ရှိရာ စက်သုံးဆီများ စနစ်တကျ ခြိုးခြံချွေတာသုံးစွဲကြရန် လိုအပ်သည်။

ထို့ကြောင့် နိုင်ငံတော်အပိုင်းက စက်သုံးဆီများ စနစ်တကျ ခြိုးခြံချွေတာသုံးစွဲရေး အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအတွင်း မှတ်ပုံတင်မောင်းနှင်လျက်ရှိသည့် ယာဉ်တစ်စီးချင်း အနေဖြင့် တစ်လလျှင် စက်သုံးဆီတစ်ဂါလန် ခြိုးခြံချွေတာသုံးစွဲလျှင်ပင် နိုင်ငံခြားငွေဒေါ်လာသန်းနှင့်ချီ၍ သက်သာနိုင်သည့် အကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်မည်ဖြစ်သည်။

ယင်းကဲ့သို့ ကမ္ဘာ့ရေနံဈေးနှုန်းများ အဆမတန် မြင့်မားလာမှုနှင့် တစ်ချိန်တည်းတွင် မြန်မာနိုင်ငံ၏ ကုန်းတွင်းပိုင်း၌ သဘာဝဓာတ်ငွေ့များ တိုးချဲ့ထုတ်လုပ်လာနိုင်မှု အခြေအနေကောင်းများ ဖြစ်ပေါ်လာလျက်ရှိရာ နိုင်ငံအတွင်း စက်မောင်းဆီ သုံးစွဲမှုပုံစံများကို စိစစ်ပြောင်းလဲရန် လိုအပ်လာမည်ဖြစ်သည်။

ဒီဇယ်အင်ဂျင်မှ သဘာဝဓာတ်ငွေ့သုံးအင်ဂျင် ပြောင်းလဲသုံးစွဲရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၂၄ရက်နေ့က အမှတ်(၂) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စက်သုံးဆီသုံးစွဲမှုပုံစံ ပြန်လည်စိစစ်ရေးနှင့်စပ်လျဉ်းပြီး **ယနေ့ ကမ္ဘာ့ခေတ်မီနိုင်ငံများ၌ပင် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များကို တိုးချဲ့အသုံးပြုနေသည်ကို မြင်တွေ့နေရပြီဖြစ်၍ မိမိတို့နိုင်ငံ၏ အခြေအနေအရ ဓာတ်ဆီ၊ ဒီဇယ်ဆီသုံးမော်တော်ယာဉ်များကို (CNG)သုံး မော်တော်ယာဉ်များအဖြစ် တိုးချဲ့ပြောင်းလဲ တပ်ဆင်အသုံးပြုသွားကြရန် သင့်မြတ်နေပြီဖြစ်ကြောင်း** ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့များ ထွက်ရှိနေသဖြင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် သဘာဝဓာတ်ငွေ့ (CNG)သုံး မော်တော်ယာဉ်များကို ၁၉၈၆ခုနှစ်မှစ၍ စမ်းသပ်တီထွင်သုံးစွဲစေခဲ့ရာ အသစ်အဆန်းမဟုတ်တော့ဘဲ အောင်မြင်စွာ ပြောင်းလဲသုံးစွဲနိုင်လျက်ရှိသည်။ ယခုအခါ အင်းစိန်၊ မှော်ဘီ၊ ရေနံချောင်း၊ မင်းဘူးဒေသတို့၌ မော်တော်ယာဉ် ၅၈၇စီး အသုံးပြုပြေးဆွဲလျက်ရှိသည်။

မော်တော်ယာဉ်များတွင် စက်သုံးဆီအစား သဘာဝဓာတ်ငွေ့ (CNG)အစားထိုးသုံးစွဲခြင်းကြောင့် ပြည်တွင်းမှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိခြင်း၊ ဓာတ်ဆီ၊ ဒီဇယ်ဆီချွေတာနိုင်ခြင်း၊ သဘာဝဓာတ်ငွေ့ဈေးနှုန်း သက်သာသဖြင့် သယ်ယူပို့ဆောင်စရိတ် သက်သာခြင်းစသည့် အကျိုးကျေးဇူးများလည်း ရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များကို စမ်းသပ်တီထွင်သုံးစွဲခဲ့စဉ်မှ ယနေ့အချိန်အထိ မော်တော်ယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြေးဆွဲလျက်ရှိသည်။ ထို့အပြင် မော်တော်ယာဉ်ပိုင်ရှင်များကိုယ်တိုင်က လိုလိုလားလားဖြင့် နှစ်ခြိုက်စွာ လက်ခံအသုံးပြုသွားလိုကြောင်း သိရသည်။

လက်ရှိပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်လိုင်းများရှိ မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များအဖြစ် ပြောင်းလဲတပ်ဆင်ပြေးဆွဲနိုင်ပါက ခေါက်ရေအပေါ် သဘာဝဓာတ်ငွေ့ ကန့်သတ်ရောင်းချခြင်းမျိုးမရှိသဖြင့် ခေါက်ရေပိုမိုပြေးဆွဲလာနိုင်ပြီး ပို့ဆောင်ခနှုန်း ကျဆင်းလာနိုင်မည် ဖြစ်သည်။

ယခုအခါ အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လုပ်ငန်းဆက်စပ်လျက်ရှိသော ဝန်ကြီးဌာနများ၏ ပံ့ပိုးကူညီမှုဖြင့် စက်မောင်းဆီသုံး မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့ပြောင်းလဲတပ်ဆင်အသုံးပြုသွားရန် စီစဉ်လျက်ရှိသည်။ ရှေးဦးစွာ အညာဒေသရှိ ပလိပ်၊ မြင်းခြံကိုအခြေပြုသည့် မော်တော်ယာဉ်အစီး ၂၀၀၊ ရန်ကုန်မြို့တော်ရှိ မော်တော်ယာဉ်များအနက် ဘတ်စ်ကားအစီး ၁၀၀၀နှင့် တီအီးမော်တော်ယာဉ် အစီး ၁၀၀၀ တို့ကို ဦးစားပေး ပြောင်းလဲတပ်ဆင် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ဓာတ်ဆီ၊ ဒီဇယ်ဆီစသည့် စက်သုံးဆီများ ခြိုးခြံချွေတာသုံးစွဲရေး ရည်မှန်းချက်နှင့်အညီ စွမ်းအင်ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံးက ခရီးသည်တင်ကားများနှင့် ကုန်တင်ကားများကို သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ တိုးချဲ့တပ်ဆင်သုံးစွဲနိုင်ရေး ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပေးအပ်လှူဒါန်း

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ ဝိကာသိနီကုန်းတော်၌ တည်ထားသော မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်နှင့် မုဒြာကိုးပါး ဗုဒ္ဓရုပ်ပွားတော်ကိုးဆူအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ သီဟသုဓမ္မမဏိဇောတဓရ ဦးတင့်ဆန်း(စက်မှုစီးပွားထူးချွန်ပထမဆင့်)က ငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပင်လုံမြို့ ဝိကာသိနီကုန်းတော်၌ တည်ထားသော မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်နှင့် မုဒြာကိုးပါး ဗုဒ္ဓရုပ်ပွားကိုးဆူအတွက် အလှူငွေများ ပေးအပ်

ရန်ကုန် ဩဂုတ် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ ဝိကာသိနီကုန်းတော်၌တည်ထားသော မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်နှင့် မုဒြာကိုးပါး ဗုဒ္ဓရုပ်ပွားကိုးဆူအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်တက်ရောက်၍ အလှူငွေများလက်ခံပြီး အလှူရှင်များအား သာဓုအနုမောဒနာဂုဏ်ပြုလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံမောင်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူရှင်များဖြစ်ကြသော ဦးတေဇနှင့် သီရိသုဓမ္မသိင်္ဂီ ဒေါ်သီတာဇော်တို့က ငွေကျပ်သိန်း ၅၀၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း ၅၀၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးတင့်ဆန်း (စက်မှုစီးပွားထူးချွန် ပထမဆင့်)က ငွေကျပ်သိန်း ၅၀၊ ဒေါ်ရွှေစင်(ဂိုလ်းယူနီ ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း ၅၀၊ ဦးတင်စိန်-ဒေါ်နန်းခမ်းတစ်(ပ်) (မြန်မာယူနီဗာဆယ်ဘဏ်လီမိတက်)က ငွေကျပ် သိန်း ၅၀၊ ဦးအောင်ဘ(မိုင်းကိုင်)နှင့် ဦးလှထွန်း (သီတာမြနန်း ကျောက်မျက်ရတနာကုမ္ပဏီ)တို့က ငွေကျပ် ၁၈သိန်း၊ သီရိသုဓမ္မမဏိဇောတဓရ ဦးတော်တော်-ဒေါ်ငွေငွေမိသားစုက ငွေကျပ် ၁၅ သိန်း၊ သုဓမ္မမဏိဇောတဓရ ဦးဇေယျာသူရမွန် - ဒေါ်ခိုင်ခိုင်မြင့်မိသားစု၊ သီရိသုဓမ္မမဏိဇောတဓရ ဦးဘိုကြီး-ဒေါ်သန်းသန်း (ရွှေပဒေသာပြည်လုံးချမ်းသာဆေးတိုက်)၊ ဦးဇော်မင်းဇင်-ဒေါ်တင်သီတာ(ဇက်ဂျီအက်စ်ကုမ္ပဏီလီမိတက်)တို့က ငွေကျပ်ငါးသိန်းစီ၊ ဦးအောင်သန်း-ဒေါ်သဇင်မြင့် (အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့)၊ ဦးလှငွေ-ဒေါ်တင်နွယ်ဦး(မှန်ချိုဆေးတိုက်)နှင့် ဦးဝင်းမောင်-ဒေါ်ရီရီမြင့်၊ သား ဖွဲ့ညဏ်ရဲလင်း (အောင်တမန်ဆေးတိုက်)တို့က ငွေကျပ်သုံးသိန်းစီ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးအေးလွင်-ဒေါ်ခင်လေး (ရွှေပြည်စံကုမ္ပဏီ)က ငွေကျပ်နှစ်သိန်း၊ ဦးရဲညွှန့်-ဒေါ်စန်းရီ မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဦးရှိန်မြင့်-သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်သန်းမြင့်မိသားစုက ငွေကျပ်တစ်သိန်း၊ မင်းဓမ္မကုန်းတော် တောင်ဘက်စောင်းတန်း ဈေးသူဈေးသားများ၊ ဖခင်ကြီး ဦးကျော်လှအား ရည်စူး၍ ကျန်ရစ်သူမိသားစု၊ မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရှိန်အောင်ဗိုလ်မိသားစုနှင့် ဦးဉာဏ်လွင်မိသားစုတို့က ငွေကျပ်ငါးသောင်းစီ၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းလှ(တိုက်ကြီးမိသားစု)က ငွေကျပ် ၁၀သိန်းနှင့် မော်လမြိုင်ကျွန်းမြို့မှ ဦးမောင်လှ၊ ဒေါ်ရွှေစိန်၊ ဒေါ်မြလွင်မိသားစုက ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုတို့က လက်ခံကြပြီး သာဓုအနုမောဒနာ ဂုဏ်ပြုလွှာများ ပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်နှင့် မုဒြာကိုးပါး ဗုဒ္ဓရုပ်ပွားကိုးဆူအတွက် အလှူငွေများ လှူဒါန်းလိုပါက ဦးဝင်းဟန် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးရုံး ဖုန်း-၀၁-၆၆၅၆၁၈နှင့် ၀၉-၉၉၂၉၆၂၈တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ ယနေ့လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၃၂၄သိန်းငါးသောင်း ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၅-၈-၂၀၀၄)

မိုးကောင်း
၄ ဒသမ ၁၇ လက်မ

ရွှေကျင်
၃ ဒသမ ၃၁ လက်မ

မြစ်ကြီးနား
၂ ဒသမ ၅၉ လက်မ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယ်သာလန်သံအမတ်ကြီး ခန့်အပ်ရန် သဘောတူ

ရန်ကုန် ဩဂုတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယ်သာလန်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာ ဂျယ်ရတ်၊ ဂျိုဟန်၊ ဟင်းဒရစ်၊ ခရစ္စတီယန်၊ ခရာမေ၏နေရာတွင် မစ္စတာ ပီတာ၊ ဂျိုးဇက်၊ တဲအိုဖီး(လ်)၊ မာရက်(စ်)အား ခန့်အပ်ရန် နယ်သာလန်နိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီး ဖြစ်သည်။

မစ္စတာ ပီတာ၊ ဂျိုးဇက်၊ တဲအိုဖီး(လ်)၊ မာရက်(စ်) သည် ၁၉၄၆ ခုနှစ်တွင် မွေးဖွားခဲ့သူဖြစ်ပြီး ၁၉၇၂ခုနှစ်တွင် အမ်စတာဒမ်တက္ကသိုလ်မှ စီးပွားရေးပညာဘွဲ့ ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၆ခုနှစ်တွင် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အလုပ်စတင်ဝင်ရောက်ခဲ့ပြီး ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၁၉၉၇ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ အီသီယိုးပီးယားနိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၀ပြည့်နှစ်မှ ၂၀၀၁ခုနှစ်အထိ သံအမတ်ကြီး(အီသီယိုးပီးယားနှင့် အီရစ်ထရီးယားဆိုင်ရာ အထူးတာဝန်)အဖြစ် လည်းကောင်း၊ ၂၀၀၁ခုနှစ်မှ ယခုနှစ်အထိ နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးဌာန လုပ်ငန်းစစ်ဆေးရေးဝန်အဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ ပီတာ၊ ဂျိုးဇက်၊ တဲအိုဖီး(လ်)၊ မာရက်(စ်)သည် ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦး ဖြစ်သည်။ (သတင်းစဉ်)

သွေးကပြောသော သစ္စာစကား

ဖဒိုတင်ရွှေ

၁၄–၈–၂၀၀၄ ရက်နေ့ ထိုင်းနိုင်ငံထုတ် ဗန်ကောက်ပို့စ်သတင်းစာတွင် ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ထူးခြားသတင်းတစ်ပုဒ် ပါရှိလာသည်။ ကျွန်ုပ်သည် အဆိုပါသတင်းကို ဖတ်ရှုပြီးသည်နှင့် တစ်ပြိုင်နက် သတင်းစာပါ အခြားအကြောင်းအရာသတင်းများကို စိတ်မဝင်စားတော့သည် အထိ ဖြစ်သွားမိသည်။ အဘယ်ကြောင့်ဆိုလျှင် အဆိုပါ သတင်းသည် ကျွန်ုပ်တို့ ကရင်တိုင်းရင်းသားများ၏အရေးနှင့်သာမက ပြည်ထောင်စုမြန်မာနိုင်ငံတော်၏အရေးနှင့် ပတ်သက်၍လည်း အလွန်တရာမှ အရေးပါအရာရောက်နေ၍ ဖြစ်သည်။ ယင်းသတင်းကို ဖတ်ရှုပြီး ကျွန်ုပ်သည် တစ်မျှော်တစ်ခေါ်ကြီး တွေးလိုက်မိတော့သည်။

သတင်းစာပါ အကြောင်းခြင်းရာကား အခြားမဟုတ်၊ ကျွန်ုပ်တို့၏ သွေးသားညီအစ်ကိုရင်းချာများဖြစ်သော ကေအင်န်ယူ (KNU) က '၂၀၀၄ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်အပစ်အခတ် ရပ်စဲရေးကိစ္စ နှစ်ဦးနှစ်ဖက် နက်နဲသိမ်မွေ့စွာ သဘောတူညီချက်ရခဲ့ပြီးဖြစ်ကြောင်းနှင့် ယင်းအရေးကိစ္စကို ဆက်လက် အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဆွေးနွေးမည့် ရက်မြတ်မင်္ဂလာကို စောင့်စားလျက် ရှိပါကြောင်း' စသည်ဖြင့် သွေးကပြောသောသစ္စာစကားကို ဆိုလာ၍ဖြစ်ပါသည်။

ယင်းသတင်းသည် ၁၂–၈–၂၀၀၄ရက်နေ့က ထိုင်းနိုင်ငံ မဲဆောက်ခရိုင်–တာ့ခ်–မိအေးဘုစခန်းတွင် ကျင်းပသော အခမ်းအနားတစ်ရပ်၌ KNU အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာနှင့် အဆိုပါအခမ်းအနားသို့ သဝဏ်လွှာ ပေးပို့ခဲ့သော KNU ဥက္ကဋ္ဌ ဖဒိုစောဘသင်းစိန်တို့၏ ရပ်တည်ချက်များကို ဖော်ပြသည်သာမက လက်အောက်ခံ KNU တပ်ဖွဲ့များကိုလည်း မြန်မာ့တပ်မတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူ တည်ဆောက်ရန် တိုက်တွန်းထားပြီး ငြိမ်းချမ်းရေးရောင်ခြည်သန်းလာ၍ ဖြစ်ချေသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး သုတေသီပညာရှင်များ၏ တင်ပြချက်အရ ဤကမ္ဘာမြေတွင် ပထမနှင့် ဒုတိယကမ္ဘာစစ်ပွဲကြီးနှစ်ခုအပါအဝင် စစ်ပွဲကြီး၊ လတ်၊ ငယ်ပေါင်း ၁၄၀၀၀ ကျော်မျှ ဖြစ်ပွားခဲ့ကြောင်းသိရသည်။ ယင်းစစ်ပွဲများ၌ လူသန်း ၄၀၀၀ မျှ အသက်ဆုံးရှုံးကြရကြောင်း ဖော်ပြထားသည်။ ဤကိန်းဂဏန်းကို ယနေ့လူသား ကမ္ဘာရှိ လူဦးရေစုစုပေါင်း သန်း ၆၃၀၀ ကျော်နှင့် နှိုင်းယှဉ်၍ကြည့်ပါလေ။ ဒုတိယကမ္ဘာစစ်အတွင်း ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စု နိုင်ငံတစ်ခုတည်း၌ပင် မြို့ပေါင်း ၁၇၁၀၊ ကျေးရွာပေါင်း ၇၂၀၀၊ စက်ရုံအလုပ်ရုံပေါင်း ၃၂၀၀၀ ပျက်စီးဆုံးရှုံးခဲ့သည်ဟုဆိုသည်။ ၁၉၄၅ ခုနှစ်မှစတင်၍ ကမ္ဘာ့စစ်အသုံးစရိတ် စုစုပေါင်းသည် အမေရိကန်ဒေါ်လာကုဋေပေါင်း ခြောက်သိန်းမျှ သုံးစွဲခဲ့သည်ဟု ဖော်ပြသည်။ အမေရိကန်နိုင်ငံ အနေဖြင့် ၎င်းငွေပမာဏ၏ ထက်ဝက်ကျော်ကို စစ်ရေးစစ်ရာ ကိစ္စရပ်များတွင် သုံးစွဲခဲ့သည်ဟု ဖော်ပြသည်။ အထက်ဖော်ပြပါ ကမ္ဘာ့စစ်အသုံးစရိတ် အမေရိကန်ဒေါ်လာကုဋေ ခြောက်သိန်းသည် ၁၉၇၆ ခုနှစ်ကမ္ဘာ့နိုင်ငံအားလုံး၏ GDP စုစုပေါင်းနှင့်ညီမျှသည်ဟု ဖော်ပြထားလေသည်။

အဆိုပါ ကိန်းဂဏန်းများကို ရုရှား စာရေးဆရာ Yuri Kashlev ရေးသားသော After 14000 WARS အမည်ရှိ စာအုပ်မှ ထုတ်နုတ်တင်ပြခြင်းဖြစ်ပါသည်။ ၎င်းသည် နိုင်ငံတကာရေးရာကို အထူးပြုလေ့လာလိုက်စားသော သတင်းစာဆရာတစ်ဦးဖြစ်ပြီး သိပ္ပံနည်းကျ သမိုင်းသုတေသီ တစ်ဦးလည်း ဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် Progress Publisher -Moscow က ပထမဆုံးအကြိမ်ထုတ်ဝေခဲ့ခြင်းဖြစ်လေသည်။

ကျွန်ုပ်သည် ၁၃၀၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၉ ရက် (၁၉၃၈၊ မေလ) စနေဖွား ဖြစ်ပါသည်။ ဖခင်သည် အမိမြေအား ကျွန်ပြုခြယ်လှယ် နေသည့် ကုလားဖြူနယ်ချဲ့ကို တော်လှန်သည့်စစ် ၁၉၃၈ ခုနှစ် ဆရာစံ တောင်သူလယ်သမားအရေးတော်ပုံ (National uprising of peasants war of people paterm) တွင် ပါဝင်တိုက်ပွဲဝင်ခဲ့သော မျိုးချစ်ဖြစ်ပါသည်။ ဖခင်သည် သားဖြစ်သူ ကျွန်ုပ်အား အမိဝမ်းတွင်း၌ ရှစ်လသားနှင့်ထားရှိပြီး ကွယ်လွန်သွားသည်။ ဖခင်၏ ခက်ပုံမကျန်၍ ရုပ်သွင်ကိုထင်ဟပ်ယူ၍မရ။ ဥမမယ်စာမမြောက် အသက်ခုနှစ်နှစ်တွင် ဒုတိယကမ္ဘာစစ်၏ နောက်ဆက်တွဲဒဏ်ရာဒဏ်ချက်ကို အလူးအလဲခံစားခဲ့ရသည်။ (၁၈)နှစ်မပြည့်မီကပင် တက္ကသိုလ်မှ ထွက်၍ တပ်မတော်သို့တပ်သားအဆင့်ဖြင့် စတင်ဝင်ရောက်ခဲ့သည်။ အသက် (၂၀)တွင် အရာရှိဖြစ်၍ အရာရှိ ငယ်/လတ် ဘဝဖြင့် ပြည်တွင်းရောင်စုံသောင်းကျန်းသူများကိုမြန်မာနိုင်ငံအနှံ့ တိုက်ခိုက်ခဲ့ဖူးသည်။

၁၆–၇–၂၀၀၄ ရက်နေ့က မင်္ဂလာဒုံစားသောက်ဆိုင်တစ်ခုတွင် ဗိုလ်လောင်းဘဝက သူငယ်ချင်းများနှင့် ပြန်လည်တွေ့ဆုံခဲ့သည်။ အကြောင်းကြောင်းကြောင့် ၁၂ ဦးသာ တွေ့ဆုံဖြစ်ခဲ့သည်။ ကျွန်ုပ်သည် စိတ်ထဲမှ တိုက်ပွဲကျစာရင်း၊ ၉၆ ပါးရောဂါဖြင့် ဘဝတစ်ပါးပြောင်းသွားရာပြီဖြစ်သော စာရင်းဇယားမှအစ အသေးစိတ်ကို စိစစ်လေ့လာနေမိသည်။

ကျွန်ုပ်တင်ပြလိုသည့်သဘောမှာ တပ်မတော်၏သမိုင်းသည် နိုင်ငံတော်၏ သမိုင်းနှင့် ခွဲခြား၍မရချေ။ တပ်မတော်၏သမိုင်း၊ မြန်မာ့နိုင်ငံရေးဘဝ၏ သမိုင်းကိုလေ့လာသုံးသပ်ရာတွင် အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားစသည်ဖြင့် အဆင့်အတန်း အသီးသီးမှ အရေအတွက် ၃၀၀၀၀သည် တိုက်ပွဲတွင် ကျဆုံးသည့် အရေအတွက်ဖြစ်၍ ခုနစ်သောင်းကျော်သည်ထိခိုက်ဒဏ်ရာရ၍ ကိုယ်အင်္ဂါအစိတ်အပိုင်းများစွန့်လွှတ်ခဲ့ရခြင်းပင်ဖြစ်သည်။ ၎င်းတို့အပါအဝင် တပ်မတော်သား အပေါင်းသည် မျိုးချစ်စိတ်အရင်းခံဖြင့် မည်သူ့တိုက်တွန်းနှိုးဆော်ချက်မှမပါဘဲ တပ်မတော်ထဲသို့ဝင်ခဲ့ကြခြင်းဖြစ်သည်။ War Diary ခေါ် စစ်နေ့စဉ်မှတ်တမ်းအရ မိမိ–ရန်သူ အကျအဆုံးအင်အားကို နှိုင်းယှဉ်ဖော်ပြရသော် ၁း၁၀ ဖြစ်သည်။ မိမိတစ်ယောက်ကျလျှင် ရန်သူ ၁၀ ယောက်ကျသည်။

ဤတွင် အထူးအရေးပါသော မေးခွန်းတစ်ခုမေးရပေတော့မည်။ အဆိုပါ ဆုံးရှုံးကြရသော မိမိ–ရန်သူ လူသားအရင်းအမြစ်များသည် တိုင်းတစ်ပါးသား နိုင်ငံခြားမှ သွင်းကုန် (Exported Living beings) များပေလော၊ ရန်သူဖြစ်ဖြစ်၊ မိမိဖြစ်ဖြစ် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သားကောင်းရတနာများပင် ဖြစ်ပေသည်။ ဤအခြေအနေ၏ ပြဆိုချက်ကပင် ရင်နှင့်ဖွယ်ကောင်းလှပေတကား။ တိုက်ပွဲကျ ဒဏ်ရာရ၍ ကိုယ်လက်အင်္ဂါ ဆုံးရှုံးရသူတို့၏ ဇနီးမယား၊ သမီး သား မိဘ၊ ဆွေမျိုး၊ မိတ်သင်္ဂဟအပေါင်း၏ ကျမျက်ရည်သည် မဟာသမုဒ္ဒရာမျှရှိပေလိမ့်မည်။ ပရိဒေဝသောကတို့ကား ချိန်ဆ၍မရ။ ထို့အတူ ရင်းနှီးပေးဆပ်လိုက်ရသည့် သဘာဝသယံဇာတအရင်းအမြစ်များ၊ လုပ်အားများ၊ ဘဏ္ဍာငွေကြေးများနှင့် လူမှုပတ်ဝန်းကျင်၏ ဆုံးရှုံးမှုကား အတိုင်းအဆမရှိတော့ပေ။ သို့ဖြစ်၍ စစ်၏အနိဋ္ဌာရုံသည် ဣဋ္ဌာရုံမဟုတ်မူ၍ ငြိမ်းချမ်းရေးသည် လိုလားအပ်သည့် အရာမဟုတ်သလော။

ကမ္ဘာ့သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုအစဉ်အရ အနောက်တိုင်း ကိုလိုနီနယ်ချဲ့ဝါဒဟောင်းသည် ပထမကမ္ဘာစစ် (၁၉၁၄–၁၉၁၈)တွင် အထွတ်အထိပ်သို့ရောက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ဖြစ်သည့် (၁၉၃၉–၁၉၄၅) အချိန်အထိ အရှိန်ကောင်းဆဲဖြစ်သည်။ ၎င်းနောက်ပိုင်းမှစ၍ အာရှတစ်ခွင်တွင် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲစဉ်များ နိုင်ငံအသီးသီးက ဆင်နွှဲလာ၍နေမဝင်အင်ပါယာသည် နေဝင်ချိန်ရောက်လာသည်။ သို့သော်လည်း ကိုလိုနီ လက်ဟောင်းဝါဒကို အမေရိကန်က မာရှယ်စီမံကိန်းဖြင့် အားဖြည့်တင်း၍ အကျိုးတူ ပေါင်းဖက်အကြောင်းဆက်ပြီး ကိုလိုနီလက်သစ်ဝါဒဖြင့် အစားထိုးလာပြန်လေသည်။

ကိုလိုနီလက်ဟောင်းဝါဒီများသည် ၎င်းတို့ အဆီစားအသားမျိုထားသော နိုင်ငံများကို မတတ်သာတော့သည့်အဆုံး လွတ်လပ်ရေးပေးရသည့်တိုင် အမျိုးသားခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်ပစ်ခဲ့သည်။ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတံခွန်ကို အမြင့်မားဆုံးလွှင့်ထူသည့် အဖွဲ့အစည်းများကို ဖြိုခွဲသည်။ လူမျိုးရေး၊ ဘာသာရေး စသည်ဖြင့် အကြောင်းအမျိုးမျိုးဖြင့် သပ်လျှိုသွေးခွဲသည်။ ဗီယက်နမ်ပြည်တွင်းစစ်၊ မြန်မာနိုင်ငံ ပြည်တွင်းသောင်းကျန်းမှု၊ အရှေ့အလယ်ပိုင်း အရေးအခင်း စသည့် ကိုလိုနီလက်ဟောင်းဝါဒ၏ အမွေဆိုး၊ ကိုလိုနီလက်သစ်ဝါဒ၏ အကျိုးဆက်များကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ခွင် ပြုံပြုံစင် တွေ့မြင်နေရသည်။ နောက်ဆုံးပြိုကွဲသွားသည့် ဆိုဗီယက်နိုင်ငံနှင့်

၁၉၈၈ အရေးအခင်းသည် မြန်မာ့သမိုင်း၏ မုန်တိုင်းအထန်ဆုံးသောကာလဟု တင်စားသော် မှားအံ့မထင်။ ယင်းကိုအကြောင်းပြု၍ အညှီရှိရာ ယင်အုံသဘောဖြင့် ကိုလိုနီလက်သစ်ဝါဒီများက ခြေသွက်လက်သွက်ဖြင့် နေရာဝင်ယူခဲ့သည်။ သို့သော်ငြားလည်း ယထာဘူတသမိုင်းအမြင်ဝါဒ ကိုင်စွဲသူ (Objective conception of Historian) ပြည်တွင်း ငြိမ်းချမ်းရေး (၁၇)ဖွဲ့က တပ်မတော်အစိုးရ၏ ဖွင့်ထားသော ရွှေတံခါးမှ ဝင်လာသည်။ နွေးထွေးသောအမိရင်ခွင်ဝယ် နှစ်ကာလရှည်ကြာစွာ ကွဲကွာခဲ့ရသော ညီရင်းအစ်ကိုများ ပြန်ဆုံစည်းကြသည်။ ခေတ်အဆက်ဆက် မည်သည့်အစိုးရမျှ ယခုလောက် နားလည်မှု၊ တည်ငြိမ်မှု၊ ငြိမ်းချမ်းမှုကို တည်ဆောက်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။

ယခင် ဥရောပဆိုရှယ်လစ် နိုင်ငံများသည် အမေရိကန်၏ ထီးရိပ် NATO သို့ စုပြုံဝင်ရောက်လာကြရသည် မဟုတ်တုံလော။

အမိပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တိုင်းရင်းသား လူမျိုးပေါင်းစုံ ၁၀၀ ကျော် မီတင်းနေထိုင် ခဲ့သည့် ရှည်ကြာသော သမိုင်းအတိတ်ရှိခဲ့ပြီးဖြစ်သည်။ ဥမကွဲ သိုက်မပျက်၊ မရှိအတူ ရှိအတူ၊ ကိုယ့်ထီးကိုယ့်နန်းနှင့် ဂုဏ်သိက္ခာရှိရှိ အမျိုးသားရေး စရိုက်လက္ခဏာအတိဖြင့် ရပ်တည်နေထိုင်ခဲ့သည်။ ယနေ့ မျက်မှောက်ကမ္ဘာသည် ဒေသအားလုံးနှင့် နိုင်ငံအားလုံးကို ပေါင်းရုံးခြင်းအားဖြင့် Peace and Development တည်းဟူသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး လမ်းကြောင်းပေါ် တူရူပြုနေသည့် ကာလဖြစ်သည်။ ဤလမ်းမှလွဲ၍ အခြားရွေးချယ်စရာ လမ်းမရှိချေ။

စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်း၏ အကြောင်းရင်းတည်း– **သမဂ္ဂါနံ တပေါ သုခေါ** ဟူသော မြတ်ဘုရားဟော ဒေသနာအရ ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးကို တစ်စိတ်တစ်ဝမ်းတည်း မြတ်နိုးကြရပေမည်။

၁၉၈၈ အရေးအခင်းသည် မြန်မာ့သမိုင်း၏ မုန်တိုင်း အထန်ဆုံးသော ကာလဟုတင်စားသော် မှားအံ့မထင်။ ယင်းကိုအကြောင်းပြု၍ အညှီရှိရာ ယင်အုံသဘောဖြင့် ကိုလိုနီလက်သစ်ဝါဒီများက ခြေသွက်လက်သွက်ဖြင့် နေရာဝင်ယူခဲ့သည်။ သို့သော်ငြားလည်း ယထာဘူတ သမိုင်းအမြင်ဝါဒ ကိုင်စွဲသူ (Objective conception of Historian) ပြည်တွင်းငြိမ်းချမ်းရေး (၁၇)ဖွဲ့က တပ်မတော်အစိုးရ၏ ဖွင့်ထားသော ရွှေတံခါးမှ ဝင်လာသည်။ နွေးထွေးသော အမိရင်ခွင်ဝယ် နှစ်ကာလရှည်ကြာစွာ ကွဲကွာခဲ့ရသော ညီရင်းအစ်ကိုများ ပြန်ဆုံစည်းကြသည်။ ခေတ်အဆက်ဆက် မည်သည့်အစိုးရမျှ ယခုလောက် နားလည်မှု၊ တည်ငြိမ်မှု၊ ငြိမ်းချမ်းမှုကို တည်ဆောက်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။

Political Science သည် လူမှုသိပ္ပံပညာရပ်အားလုံး၏ အချုပ်ဖြစ်သည်။ Military Science က လက်အောက်ခံဖြစ်သည်။ ယင်းသည့်တိုင် စစ်ဝါဒီဟု သတ်မှတ်အပုပ်ချနေကြသော သူတို့သည် ယနေ့တပ်မတော် ခေါင်းဆောင်များ၏ ဒေါင်ဒေါင်မြည်သော မှတ်ကျောက်အတင်ခံနိုင်မှု၊ အမျိုးသားရေး၊ နိုင်ငံရေး၊ စည်းရုံးရေးအမြင် ကြည်လင်ပြတ်သားမှုများကို ယထာဘူတကျကျ မခံစားတတ်သေးပေ။

ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့ပြီဖြစ်သော နယ်စပ်ဒေသများနှင့် တောင်ပေါ်ဒေသများတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် ဘဝလုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှု၊ ပရိယေသနဝမ်းစာရှာဖွေ စားသောက်နိုင်မှု၊ လမ်းပန်းဆက်သွယ်ရေးမှအစ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်လာခဲ့သည်မှာ မျက်ဝါးထင်ထင်ဖြစ်သည်။

ကျွန်ုပ်သည် အထက်တန်းကျောင်းသားဘဝက သင်ကြားခဲ့ရသော အင်းဝခေတ် စာဆို မယ်ခွေ၏ "ဆေးတံတို တစ်ညှိုလောက် ရော့ သောက်တော့ပေး---" ဟူသော ကဗျာကို သတိရနေမိသည်။

ယမ်းငွေ့များဝေနေသည့် ဒေသ၊ အမြောက်သံ၊ ဗုံးသံများမစဲသောဒေသ၊ အခြေမလှသော ဤဒေသနေ ပြည်သူတို့၏လူမှုဘဝသည် နောက်ကျ ကျန်ရစ်ခဲ့ရပြီ။ အလျှံပယ်ထုတ်ယူသုံးစွဲနိုင်သော မြေပေါ်မြေအောက် သယံဇာတများကိုလည်း သုံးစွဲ၍မရခဲ့။ ဒေသခံပြည်သူတို့၏ စွမ်းရည်နှင့်လူသား အရင်းအမြစ်တို့သည်လည်း မတိုးတက်ခဲ့။ ဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းရေးအရသာ ခံစားနေကြရသော ပြည်သူတို့က သွေးချင်းသားချင်းတို့အတွက် ကိုယ်ချင်းစာတရားဖြင့် မချိတင်ကဲ ခံစားကြရသည်။

၁၉၉၃ ခုနှစ်က မြန်မာတစ်မျိုးသားလုံး၏ ကံကြမ္မာကို ပြဋ္ဌာန်းမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေး လုပ်ငန်းစဉ်ကြီးစတင်ခဲ့သည်။ ထိုစဉ်က ကျွန်ုပ်သည် ညီလာခံသို့ ပထမဆုံးငွေလှူဒါန်းခဲ့သူဖြစ်သည်။ များစွာမှ မျှော်လင့်ချက် ထားခဲ့သည်။ သို့သော် ၁၉၉၆ ခုနှစ်အရောက်တွင် ထိုပါတီက ကျောခိုင်း၍ ညီလာခံ ခန်းမမှထွက်ခွာသွားခဲ့သည်။ ရင်ထုမနာဖြစ်မိသည်။ သဲထဲရေသွန် ဖြစ်ရသည်။ ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံမဆို ဖွဲ့စည်းပုံ အခြေခံဥပဒေ ရှိရမည်။ ယင်းအခြေခံဥပဒေအရ ဖွဲ့စည်းဖော်ဆောင်အပ်သည့် အစိုးရမှအစ အာဏာပိုင်အဖွဲ့အစည်း အသီးသီး ရှိရမည်။ ဤကြန်အင်လက္ခဏာများ ပြည့်စုံရန် တပ်မတော်အစိုးရသည် Road Map ကို ချပြ၍ မေ ၁၇ ရက်မြတ်မွန်တွင် အမျိုးသားညီလာခံကို ပြန်လည်စတင်ခဲ့ရာ ယခုအခါ ညီလာခံ အပိုင်းတစ်ပိုင်း ကိုပင် အောင်မြင်အောင် ကျင်းပနိုင်ခဲ့ပြီးဖြစ်ပေသည်။

လူပုဂ္ဂိုလ်အချင်းချင်း၊ တိုင်းပြည်နိုင်ငံအချင်းချင်း ပေါင်းသင်း ဆက်ဆံရာတွင် အရင်းခံတရားသည် ကိုယ်ကျိုးစီးပွားပဓာနဖြစ်သည်။ ယင်းကိုပင် Protectionism ဟုခေါ်၍ရသည်။ မိမိတိုင်းပြည် အကျိုးစီးပွားနှင့် တစ်ထပ်တည်း သဘောထားပါသည်၊ မဟာကရုဏာထားပါသည်ဆိုသော တိုင်းပြည်ရှိခဲ့သော် ၎င်းတိုင်းပြည်၊ လူပုဂ္ဂိုလ်တို့နှင့်ဆွေးနွေးလိုပါသည်။ မည်သည့်တိုင်းပြည်ဖြစ်ဖြစ် စီးပွားရေး၊ နိုင်ငံရေးအကျိုးအမြတ်မျှော်ကိုး ဆက်ဆံသည်သာဖြစ်၍ တပည့်ကိုရှာသည့်ဆရာကြီးအဖြစ် Sphere of influence ထူထောင်သည်။ နောက်ဆုံး ယုတ္တိမတန်သောအကြောင်းပြချက်ဖြင့် အင်အားသုံး၍ အချုပ်အခြာအာဏာကို ထိပါးသည်။ ရုပ်သေးအစိုးရ ထူထောင်ရန် ဘက်စုံမှ လက်ကုန်ထိုးနှက်သည်။

"လူမျိုးဟူသည်မှာ သုခ၊ ဒုက္ခအတူခံစားကြသည်" ဟူသော နိုင်ငံရေးသုခမိန်တို့၏ အဆိုအမိန့်အရ ကရင်တိုင်းရင်းသားတို့သည် အမိမြေ၏ တိုင်းရင်းသားလူမျိုးများပင်ဖြစ်သည်။ ပြည်ထောင်စုကြီး၏ မိသားစုဝင်များပင်ဖြစ်၏။ မိသားစုဝင်များသည် ရံဖန်ရံခါတွင် မပြေလည်မှုများ ဖြစ်တတ်သည်ကား သဘာဝကျပါ၏။ သို့သော် ယင်းသည် ယာယီမျှသာဖြစ်ပေသည်။ ထာဝရမဟုတ်ချေ။

သို့သော်–သို့သော်–သို့ပင်ဖြစ်ငြားလည်း မိသားစုဝင်အချင်းချင်းတို့၏ ယာယီ မပြေလည်မှုအပေါ် ကယ်တင်ရှင်ကြီးပမာခံယူ၍ ကတ္တီပါလက်အိတ် စွပ်ထားသော သံလက်သီးပိုင်ရှင် ကျားစေဦးလဲသည် ဘက်စုံမှ လာတတ်ပေသည်။ အထူးသဖြင့် ပုဂ္ဂိုလ်ရေးခံစားချက်ရှိသူတို့ကို ချဉ်းကပ်သည်၊ သွေးထိုးမြှောက်ပင့်ပေးသည်။

ယနေ့ တပ်မတော်အစိုးရက ခံယူအပ်သည့် ဒို့တာဝန်အရေး(၃)ပါးသည် National Ideology ဖြစ်သလို Role of the Defence Services လည်းဖြစ်ပါ၏။ မည်သည့်လူပုဂ္ဂိုလ် အစိုးရတက်တက် ဤ အဂ္ဂမဟာဗျူဟာ (Grand Strategy) ကို ကမ္ဘာချဉ်းသည်အထိ ဦးထိပ်ပန်ဆင်ကြရပေမည်။ ယင်းမဟာဗျူဟာကို ချမှတ် ဖော်ဆောင်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို ဦးထိပ်ပန်ဆင်ရမည်ပင် ဖြစ်သည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းသည် နိုင်ငံနှင့်အဝန်းကွက်လပ်မရှိ၊ စုစည်းပေါင်းစပ်နေထိုင်ကြပါ၏။ ပြည်နယ်နှင့်တိုင်း၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည်ဟူသော အမည်နာမ သတ်မှတ်ချက်သည် ယာယီသစ္စာဝေါဟာရပညတ်များအဖြစ်သာ ဆောင်ယူပါ၏။ အမှန်မှာ တစ်အူထုံ့ဆင်း သွေးချင်းသားရင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများပင် ဖြစ်ပါသည်။

မဟာကရုဏာတည်းဟူသော ဝေါဟာရပညတ်သည် မြတ်ဗုဒ္ဓမှလွဲ၍ မည်သူနှင့်မျှ ထိုက်တန်သည့် စကားမဟုတ်၊ အနောက်နိုင်ငံများ (ကိုလိုနီလက်သစ်ဝါဒီများ)က မြန်မာနိုင်ငံနှင့် မြန်မာတို့အပေါ် မဟာကရုဏာထား၍ ဒီမိုကရေစီနိုင်ငံဖြစ်စေချင်ပါသည်၊ လူ့အခွင့်အရေးအပြည့်အဝရစေလိုပါသည်ဟု မစားရဝခမန်း လိမ်လည်လှည့်ဖြား၍ ပြည်တွင်းရေးကို ဖြောင်ကျကျ ဝင်စွက်နေ၏။ သည်ယုန်မြင်၍ သည်ချုထွင်သော ကျားစေဦးလဲ မျက်နှာဖုံးသည် ရေရှည်တွင် လိမ်ညာ၍မရတော့ချေ။

မေ ၁၇ ရက်မြတ်မွန်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် (The Right to Self-determination) မိမိကြမ္မာ မိမိဖန်တီးရေးအတွက် အခွင့်အရေးတစ်ရပ်ကို အကျိုးရှိရှိအသုံးချခဲ့၏။ အတိုင်းအတာ တစ်ရပ်အထိ အောင်မြင်မှုကိုလည်း ရရှိကြပေပြီ။ များမကြာသော ပွင့်လင်းရာသီတွင် သွေးချင်းများ ပြန်လည်ဆုံစည်းကြမည်။

အမိပြည်ထောင်စုမြန်မာနိုင်ငံသည် "မတည့်အတူနေကြသူများ စုစည်းနေထိုင်ရာ တိုင်းပြည်မဟုတ်" ။ အလားတူ ဤအမိမြေ၌ အမျိုးသားသစ္စာဖောက်တို့အတွက် ရပ်တည်ရန် နေရာမရှိ။

တပ်မတော်အစိုးရက ထာဝရဖွင့်ထားသော ရွှေတံခါးကြီးသည် တိုင်းတစ်ပါးသားနိုင်ငံခြားသားမှလွဲ၍ အမျိုးသားရေးအင်အားစုအားလုံးကို ထာဝရလက်ကမ်းကြိုဆိုလျက်ရှိသည်။

ပန်းခင်းသောလမ်းဖြစ်ပါ၏။ သည်လမ်းကို သည်ပန်းဆင်၍၊ ဒီခရီးကို သည်ထီးဆောင်း၍၊ သည်အကွေ့ကို သည်တက်နှင့်လှော်ကြရပေမည်။

တပ်မတော်ခေါင်းဆောင်များသည် ငြိမ်းချမ်းရေးကို မြတ်နိုးသည့် လူမှုတိုးတက်ရေးဝါဒီများဖြစ်ပါ၏။ ရိုးသားပွင့်လင်းစွာဖြင့် တိုင်းကျိုးပြည်ပြုလုပ်ငန်းစဉ်များကို အမျိုးသားရေးအင်အားစုဖြင့် တည်ဆောက်မည်ဖြစ်ပါ၏။

သို့ဖြင့်တပြီးကား – KNU

သွေးကပြောတာ "ပဓာန"ဖြစ်ပါသည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီလက စိုသောလက်သည် ခြောက်ရန်အကြောင်းမရှိပေတကား။ ။

အီရတ် အကျဉ်းသားတစ်ဦးအား နှိပ်စက်ညှဉ်းပန်းမှု အမေရိကန်တပ်ဖွဲ့ဝင် အပြစ်ရှိကြောင်း ဝန်ခံမည်

ဟေဂျာစတုန်း ဩဂုတ် ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အပြင်ဘက်ရှိ အဘူဂါရိပ်အကျဉ်းထောင်မှ အီရတ်နိုင်ငံသား အကျဉ်းသားတစ်ဦးအား နှိပ်စက်ညှဉ်းပန်းမှုဖြင့် စွဲချက်တင်ခံထားရသည့် အမေရိကန် အရန်တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည့် တပ်ကြပ်ကြီး ဖရက်ဒရစ်က ၎င်းကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် အပြစ်ရှိကြောင်း ဝန်ခံမည်ဖြစ်ကြောင်း ပြောကြားချက်ကို ၎င်း၏ ရှေ့နေတစ်ဦးက အေပီသတင်းဌာနသို့ ပေးပို့ခဲ့သည်။

မိမိအနေဖြင့် အဘူဂါရိပ်ထောင်တွင် ကျူးလွန်မိသမျှ ပြစ်မှုများအတွက် တာဝန်ရှိကြောင်း၊ ယင်းပြစ်မှုအတွက် ကျူးလွန်မိသမျှ မိမိဝန်ခံမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းလုပ်ရပ်မှာ ဥပဒေချိုးဖောက်မှုဟု မိမိ ကောက်ချက်ချမိသောကြောင့်ဖြစ်ကြောင်း မေရီလန်းပြည်နယ် အခြေစိုက်အမှတ်(၃၇) စစ်ရဲတပ်ခွဲမှ တပ်ကြပ်ကြီး ဖရက်ဒရစ်က ပြောကြားသည်။

စွပ်စွဲခံရ

ဖရက်ဒရစ်က ၎င်းလျှောက်လဲမည့် စွပ်စွဲချက်နှင့် ပတ်သက်၍ ကွဲကွဲပြားပြား ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ၎င်းက မည်သည့်စွပ်စွဲချက်အား ဆက်လက်ငြင်းဆိုမည်ကိုလည်း ရှင်းရှင်းလင်းလင်း မသိရသေးပေ။ ၎င်းမှာ အကျဉ်းသားများအား နှိပ်စက်၊ နှိပ်စက်ရန် ပူးပေါင်းကြံစည်၊ တာဝန်ပျက်ကွက်၊ သိက္ခာမဲ့စေမည့်လုပ်ရပ် မှားယွင်းစွာ ကျူးလွန်ခဲ့မှုများဖြင့် စွပ်စွဲခံထားရသည်။ ၎င်းသည် ဂျာမနီနိုင်ငံ မန်ဟိမ်းတွင် အင်္ဂါနေ့တွင် ပြုလုပ်ရန် စီစဉ်ထားသည့် ကြိုတင်ကြားနာစစ်ဆေးမှုနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ဖရက်ဒရစ်နှင့်အတူ အကျဉ်းထောင်မှ အဖွဲ့ဝင်ငါးဦးတို့သည် အကျဉ်းသားများအား လိင်ပိုင်းဆိုင်ရာ အရှက်တကွဲ အကျိုးနည်းစေသည့် လုပ်ရပ်နှင့် ရုပ်ပိုင်းဆိုင်ရာအရ နှိပ်စက်ညှဉ်းပန်းမှုများတွင် ပါဝင်ကြောင်း အစွပ်စွဲခံရသည်။

စာရင်းပေး

ဖရက်ဒရစ်သည် ၎င်းပြုလုပ်ခဲ့သည့် ပြစ်မှုကို ဝန်ခံပြောကြားခဲ့ရာတွင် ဒုတိယမြောက်လူဖြစ်ပြီး ဆီဗိုက်တစ်သည် စွပ်စွဲမှုသုံးခုအတွက် အပြစ်ရှိကြောင်း ဝန်ခံပြောကြားခဲ့ပြီး ထောင်တစ်နှစ်ကျခဲ့သည်။ ဗာဂျီးနီးယားပြည်နယ်တွင် ထောင်စောင့်လုပ်ခဲ့ဖူးသည့် ဖရက်ဒရစ်သည် အောက်တိုဘာနှင့် ဒီဇင်ဘာလအတွင်း အဘူဂါရိပ်ထောင်အတွက် တပ်ဖွဲ့ဝင် အဖြစ် စာရင်းပေးခဲ့သူဖြစ်သည်။ ယင်းအချိန်တွင် အဘူဂါရိပ် အကျဉ်းထောင်နှိပ်စက်မှု ပြဿနာ ပေါ်ပေါက်နေချိန်ဖြစ်သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ အဆောက်အအုံတစ်ခု အတွင်း ရှာဖွေစစ်ဆေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင် များကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မိုဆူးလ်မြို့တွင် အမေရိကန်စစ်ယာဉ်တန်း တိုက်ခိုက်ခံရ

မိုဆူးလ် ဩဂုတ် ၂၄

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ အပြင်ဘက်တွင် တနင်္ဂနွေနေ့က အမေရိကန်စစ်ယာဉ်တန်းအနီး၌ လမ်းဘေးထောင်ထားသည့်ဗုံး ပေါက်ကွဲခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ ယင်းသို့ ပေါက်ကွဲရာတွင် အီရတ်ကလေးနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အယ်လ်-ဂျမ်ဟူရီဆေးရုံမှ ဆရာဝန် မိုဟာမက်အာမက်က ပြောကြားသည်။

ဗုံးပေါက်ကွဲ

ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် ၂၂၅ မိုင်အကွာ မိုဆူးလ်မြို့၏ အနောက်ဘက်လမ်းမတွင် အမေရိကန်စစ်ယာဉ်တန်း ဖြတ်သန်းမောင်းနှင်စဉ် ယင်းကဲ့သို့ ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း မိုဆူးလ်မြို့ရှိ အမေရိကန် စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဗိုလ်ကြီးအင်ဂျီလာဘော်မန်းက ပြောကြားသည်။

သေဆုံး

သီးခြားဖြစ်ရပ်တွင် သေနတ်သမားများက ကားတစ်စီးအား ပစ်ခတ်တိုက်ခိုက်ရာ အင်ဒိုနီးရှားနိုင်ငံသားတစ်ဦး သေဆုံးပြီး ဖိလစ်ပိုင်နိုင်ငံသားတစ်ဦး ဒဏ်ရာရရှိကြောင်း ဆေးရုံတာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါ တိုက်ခိုက်မှုတွင် ကားမောင်းသူနှင့် အစောင့်တစ်ဦးတို့ဖြစ်သည့် အီရတ်နှစ်ဦးတို့လည်း သေဆုံးခဲ့ကြောင်း ဆရာဝန် ဒီယာတာဟာက ပြောကြားသည်။

အီရတ် တိုက်ခိုက်ရေးသမားများသည် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး စီမံကိန်းများတွင် ပါဝင်လုပ်ဆောင်နေသည့် နိုင်ငံခြားသားများကို မကြာခဏ တိုက်ခိုက်လျက်ရှိသည်။ ***အင်တာနက်။***

နာဂျက်ဖ်မြို့အနီးတွင် ရင်ဆိုင်တိုက်ပွဲဖြစ်ပွား

ဘဂ္ဂဒက် ဩဂုတ် ၂၄

အီရတ်နိုင်ငံတောင်ပိုင်း မြို့တော် နာဂျက်ဖ်အနီးတွင် ရှီးယိုက်ခုခံရေးသမားများ ပါဝင်သော ရင်ဆိုင်တိုက်ပွဲ ယမန်နေ့က ပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့ပြီးနောက် အနည်းဆုံး အီရတ် ၄၀ အသက်ဆုံးရှုံးသွားရကြောင်း အီရတ်ပြည်ထဲရေး ဝန်ကြီးဌာနမှရရှိသော သတင်းများက ဖော်ပြသည်။ ဝန်ကြီးဌာန အရာရှိတစ်ဦး၏ အဆိုအရ နာဂျက်ဖ်မြို့အနီး ကူဖာမြို့တွင် အမေရိကန်တပ်ဖွဲ့များနှင့် ရင်ဆိုင်တိုက်ခိုက်မှု ဖြစ်ပွားကြောင်း သိရသည်။ ထိုမြို့သည် ရှီးယိုက်ခေါင်းဆောင် မိုတာဒါဆာဒါ၏သစ္စာခံ ခုခံရေးသမားများ လွှမ်းခဲ့သော လကတည်းက တိုက်ခိုက်ဆန့်ကျင်နေသော မြို့များတွင် အပါအဝင် ဖြစ်၏။ ယခုအဖြစ် အပျက်တွင် သေဆုံးကြသူများမှာ မီဒီခုခံတိုက်ခိုက်ရေးသမားများနှင့် အရပ်သူ အရပ်သားများ ဖြစ်ကြသည်။

အီရတ်ကြားဖြတ်အစိုးရက အီမန်ဗလီ ဝတ်ကျောင်းအတွင်းမှ မီဒီ ခုခံတိုက်ခိုက်ရေးသမားများ အုပ်စုခွဲပြီး ထွက်သွားကြရန် တောင်းဆိုထားသည်။ ***အင်တာနက်။***

အမေရိကန် သတင်းစာဆရာနှင့် စကားပြန်တို့ကို ပြန်လွှတ်ပေး

နာဂျက်ဖ်(အီရတ်) ဩဂုတ် ၂၄

အီရတ်နိုင်ငံတောင်ပိုင်းတွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ရက်သတ္တတစ်ပတ်ကျော်ကြာ ပြန်ပေးဆွဲခဲ့ပြီးနောက် ပြင်သစ်နိုင်ငံဖွား အမေရိကန်နိုင်ငံသား မီကာဂါရင်းအား နာဆရီယာမြို့တွင် ပြန်လွှတ်ပေးခဲ့ပြီး တနင်္ဂနွေနေ့နှောင်းပိုင်းတွင် အမေရိကန်တို့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အသက်(၃၆)နှစ်အရွယ် ဂါရင်းအား အီရတ်နိုင်ငံသား စကားပြန် အီမာဒ်ရှီနှင့်အတူ လူစည်ကားရာ နာဆရီယာမြို့ ဈေးတစ်ဈေးတွင်ဩဂုတ် ၁၃ ရက်က ပြန်ပေးဆွဲခဲ့သည်။ ဒိုရှီကိုလည်း ပြန်လည်လွှတ်ပေးခဲ့ကြောင်း နယူးယောက်အခြေစိုက် သတင်းစာဆရာများအား ကာကွယ်စောင့်ရှောက်ရေးကော်မတီက ပြောကြားသည်။

ကောင်းမွန်စွာဆက်ဆံ

အဖမ်းခံရစဉ်အတောအတွင်း မိမိအား ကောင်းမွန်စွာ ဆက်ဆံခဲ့ကြောင်း အာရပ်ဘာသာဖြင့် ထုတ်လွှင့်သည့် အယ်ဂျာဇီယာ ရုပ်မြင်သံကြားနှင့် တနင်္ဂနွေနေ့က တွေ့ဆုံမေးမြန်းခန်းတွင် ဂါရင်းက ပြောကြားသည်။

အကယ်၍ အမေရိကန်တပ်ဖွဲ့ဝင်များ နာဂျက်ဖ်မြို့မှ ထွက်ခွာမသွားလျှင် ဂါရင်းအား ၄၈နာရီအတွင်း သတ်ပစ်မည်ဟု အာဇာနည်တပ်ဖွဲ့ အမည်ရှိ ခုခံတိုက်ခိုက်ရေးအုပ်စု တစ်စုက ခြိမ်းခြောက်ခဲ့သည်။

တိုက်ခိုက်နေ

ရှီးယိုက်ခေါင်းဆောင် မိုတာဒါ အယ်လ်ဆာဒါအား သစ္စာစောင့်သိသည့် မီဒီလက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများသည် နာဂျက်ဖ်မြို့ရှိ အီမန်အလီ ဝတ်ကျောင်းတစ်ဝိုက်တွင် အီရတ်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေသည်မှာ ရက်သတ္တ နှစ်ပတ်ရှိပြီဖြစ်သည်။

တိုက်ခိုက်မှုရပ်ဆိုင်းရန်နှင့် အဆိုပါ ဝတ်ကျောင်းတော်အား ရှီးယိုက် အာဏာပိုင်များထံ လွှဲပြောင်းပေးအပ်ရန် ဆာဒါ၏ နောက်လိုက်များနှင့် ရှီးယိုက်ခေါင်းဆောင်များ စေ့စပ်ဆွေးနွေးနေစဉ်မှာပင် ဝတ်ကျောင်းတော် အပြင်ဘက်၌ တနင်္ဂနွေနေ့က တိုက်ပွဲများ ဆက်လက်ဖြစ်ပွားသည်။

ထိုအတောအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များနှင့် လေယာဉ်များသည် တနင်္ဂနွေနေ့ စောစောပိုင်းတွင် မီဒီလက်နက်ကိုင်သမားများ၏ စခန်းများကို တိုက်ခိုက်ခဲ့သည်။ သို့ရာတွင် တနင်္ဂနွေနေ့နှောင်းပိုင်း၌ တိုက်ပွဲမှာ ကြိုကြားကြိုကြားသာ ဖြစ်ပွားကြောင်း အဆိုပါနေရာမှ အမေရိကန် စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။ ***အင်တာနက်။***

နာဂျက်ဖ်မြို့တွင် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများအား ပစ်ခတ်တိုက်ခိုက်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စစ်ဆေးရေးဂိတ်ကို ဖြတ်သန်းမောင်းနှင်သော မော်တော်ကား ကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် အပြစ်မဲ့ပြည်သူသုံးဦးသေဆုံး

ကဘူး ဩဂုတ် ၂၄

အာဖဂန်နစ္စတန်နိုင်ငံတွင် အာဖဂန်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များက စောင့်ကြပ်သော စစ်ဆေးရေးဂိတ် တစ်ဂိတ်ကို ဖြတ်သန်းမောင်းနှင်သည့် မော်တော်ကားတစ်စီး ပစ်ခတ်ခံရသည့်ဖြစ်ရပ် စနေနေ့က ဖြစ်ပွားရာ အပြစ်မဲ့ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ သေဆုံးရကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

မတွေ့ရှိ

ယင်းဖြစ်စဉ်တွင် အခြားသော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့မှာလည်း ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်။ ကားပေါ်တွင် လိုက်ပါလာခဲ့သည့် ရင်ခွင်ပိုက်ကလေးငယ်တစ်ဦးမှာမူ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိပေ။ အမေရိကန်တပ်ဖွဲ့ဝင်များက အဆိုပါမော်တော်ကားကို ကြည့်ရှုစစ်ဆေးသည့်အခါ မည်သည့် လက်နက်ကိုမျှ ရှာဖွေတွေ့ရှိရခြင်းမရှိပေ။

စုံစမ်းစစ်ဆေးနေ

မြို့တော်ကဘူး၏ တောင်ဘက် မိုင် ၈၀ ခန့်အကွာ ဂါဇနီမြို့အနီးတွင် ယင်းဖြစ်ရပ် ဖြစ်ပွားခဲ့ကြောင်း၊ ယခုအခါ စုံစမ်းစစ်ဆေးမှုပြုလုပ်လျက်ရှိကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။

ခေါ်ဆောင်

ပစ်ခတ်ခံရမှုကြောင့် ဒဏ်ရာရရှိသူများနှင့် ကလေးငယ်တို့ကို ဆေးဝါးကုသပေးနိုင်ရန် ကဘူးမြောက်ဘက်ရှိ ဘာဂရမ်လေတပ်စခန်းသို့ ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်သွားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အဘူဂါရိပ်အကျဉ်းထောင်တွင် အကျဉ်းသားများအား မဖွယ်မရာညှဉ်းပန်းသည့်ကိစ္စ စတင်စစ်ဆေး

မင်ဟန်း ဩဂုတ် ၂၄

အီရတ်နိုင်ငံ အဘူဂါရိပ်အကျဉ်းထောင်တွင် အီရတ်အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များက မဖွယ်မရာညှဉ်းပန်းနှိပ်စက်သော အမှုအခင်းတစ်ရပ်ပေါ်ပေါက်ခဲ့သည်။ ထိုဖြစ်ရပ်တွင် ခေါင်းဆောင်ဟုယူဆရသူ ဒုတပ်ကြပ်ချားဂရားနာ၏အမှုကို ယခုအခါ ဂျာမနီနိုင်ငံအနောက်ပိုင်း မန်ဟိန်းမြို့၌ ကြားနာစစ်ဆေးနေပြီဖြစ်သည်။ အမှုကို ဦးဆောင်စစ်ဆေးမည့် တရားသူကြီးမှာ ဂျိမ်း(စ်)ဖိုးလ်ဖြစ်သည်။

ဂရားနာ၏ရှေ့နေများက ပြစ်မှုကျူးလွန်သည့်အခြေအနေကို ဖော်ပြသော ဓာတ်ပုံများကို တရားခွင်၌တင်ပြခြင်းမှ ကင်းလွတ်ခွင့်ပေးရန် လျှောက်ထားသည်ကို တရားသူကြီးက ပယ်ချလိုက်သည်။ ထို့အပြင် တရားခံ၏ ရှေ့နေများက ဂရားနာကို စစ်ဆေးရသော စစ်ခုံရုံးကို အမေရိကန်သို့ ရွှေ့ပြောင်းပေးပါရန် တင်ပြလာသည်ကိုလည်း တရားသူကြီးက ပယ်ချလိုက်သည်။

စစ်ရဲများသည် တရားခံက အမှုကို ခုခံရာ၌ လိုအပ်သော အထောက်အထားများ ရှာဖွေရာ၌ မြန်ဆန်စွာ မဆောင်ရွက်လျှင် အမှုစစ်ဆေးမှုကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း တရားသူကြီးက အသိပေးခဲ့သည်။

အကယ်၍သာ ယခုအမှုနှင့်ပတ်သက်၍ အထောက်အထား ရှာဖွေနေကြသော စစ်ရဲများသည် အောက်တိုဘာလ ၂၁ ရက်အထိ အထောက်အထားများမရသေးလျှင် အမှုစစ်ဆေးမှုကို ရပ်ဆိုင်းထားရန် စဉ်းစားရဖွယ်ရှိကြောင်း တရားသူကြီးက ဆိုသည်။

တရားစွဲဆို

ရက်စက်ကြမ်းကြုတ်မှု၊ မဖွယ်မရာပြုမှု၊ လက်ရောက်မှု၊ ပူးပေါင်းကြံစည်မှု၊ တာဝန်ဝတ္တရားကို မလျော်မကန်ပြုမှု စသည့် စွဲချက်များဖြင့် ဂရားနာကို စွဲဆိုထားခြင်းဖြစ်၏။ အဘူဂါရိပ် အကျဉ်းထောင်သည် ဘဂ္ဂဒက်မြို့ ပြင်ပတွင် တည်ရှိသည်။ ထိုအကျဉ်းထောင်၌ အကျဉ်းသားများကို မတော်မတရား ညှဉ်းပန်းနေသော ဓာတ်ပုံများကြောင့် ပတ်သက်နေသူ လူခုနစ်ဦးကို တရားစွဲဆိုထားသည်။ ၎င်းဓာတ်ပုံများ ဧပြီလတွင် နာမည်ဆိုးဖြင့် သတင်းကြီးခဲ့ရသည်။ ထိုကိစ္စကြောင့် အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်တို့၏ ဂုဏ်သည် အကျဉ်းတန်ခဲ့ရသည်။

ဓာတ်ပုံများတွင် အကျဉ်းသားများကို မိမွေးတိုင်း၊ ဖမွေးတိုင်းနေစေခြင်း၊ မဖွယ်မရာအနေအထားဖြင့် သရုပ်ဆောင်စေခြင်း၊ စစ်ခွေးများဖြင့် ခြောက်လှန့်ခြင်းနှင့် လျှပ်စစ်ပစ္စည်းများဖြင့် ဓာတ်လိုက်စေခြင်း စသည့်ပုံများကို တွေ့ကြရသည်ဟု ဆိုသည်။

ထိခိုက်

စစ်ဆေးရေးမှူးတစ်ဦးက တရားခံဂရားနာသည် ညှဉ်းပန်းနှိပ်စက်နေသည့် ဓာတ်ပုံများစွာပါသော စီဒီခွေကို အပေါင်းအသင်းတစ်ဦးထံသို့ ပေးထားသည်ကိုသိရကြောင်း စုံစမ်းရေးမှူးတစ်ဦးက ဆိုသည်။

ထိုဓာတ်ပုံများကို တရားခွင်တွင် တွေ့မြင်ရပါက တရားမျှတစွာ စီရင်ရေးအပေါ် ထိခိုက်စေနိုင်သည်။ ထိုဓာတ်ပုံများ၏ လွှမ်းမိုးမှုကြောင့် တရားခံအပေါ် အပြစ်ကြိုတင် စီရင်ပြီးသကဲ့သို့ရှိနိုင်ကြောင်း တရားခံရှေ့နေများက ဆိုကြသည်။ တရားခံ၏ ရှေ့နေများမှာ ဂျေးဟိဒ်နှင့်ရိုင်းစိုမက်တို့ဖြစ်သည်။

သို့ရာတွင် တရားခံများကို ရယ်ရယ်မောမောနှိပ်စက်နေသော ဂရားနာ၏ပုံကို မည်သူမဆို မြင်တွေ့ပြီးသားဖြစ်နေသည်ဟု တရားသူကြီးဖိုးလ်က ပြောကြားသည်။ ထိုဓာတ်ပုံထဲတွင် ဗလာကိုယ်ထည်ဖြင့် လက်မောင်းမြှောက် ပြုံးရယ်ကာ နှိပ်စက်နေသော ဂရားနာကို တွေ့ကြရသည်။

ဒဏ်ရာရ

ဂရားနာကို စုံစမ်းရေးမှူးများက မေးမြန်းကြသောအခါ ၎င်းက အီရတ်တွင်ရှိနေစဉ် ၎င်းနှင့်အတူနေ အခန်းဖော် တပ်ဖွဲ့ဝင်နှစ်ဦးစလုံးမှာ ဒဏ်ရာရခဲ့ကြောင်း၊ တခါမပါသောယာဉ်ဖြင့်သွားစဉ် လက်လုပ်ဗုံးထိမှန်ခဲ့ရခြင်းဖြစ်ကြောင်း၊ ၎င်းတို့အတွက် စိတ်ဓာတ်အရ အလွန်မှ ဖိစီးခံရသော အခြေအနေဖြင့် ကြုံခဲ့ရကြောင်း ဖြေကြားသည်ဟု သိရသည်။

တရားခံသည် ရှာဖွေစစ်ဆေးရေးသင်တန်းများတက်ရောက်ခဲ့ပြီး ဖြစ်သည့်အပြင် အသိဉာဏ်မှာ လည်း သာမန်အထက်အဆင့်မြင့်သော အနေအထားတွင်ရှိသူ ဖြစ်သည်။ သို့ဖြစ်၍ ဂရားနာသည် ၎င်း၏ဆန္ဒအလျောက် ညှဉ်းပန်းမှုကို ကျူးလွန်နေသော အချက်မှာ မယုံကြည်နိုင်စရာပင်ဖြစ်သည်ဟု တရားလိုရှေ့နေ ဗိုလ်မှူးမိုက်ကယ်ဟိုလီက ပြောကြားသည်ဟု ဆိုသည်။

တပ်ကြပ် ဂရားနာသာမက အကျဉ်းသားများ ညှဉ်းပန်းမှုဖြင့် တပ်ကြပ်ကြီးစာရေး အိုင်ဗင်ဖရက်ဒရစ်၊ တပ်ကြပ်ကြီး ဂျာဗာလ်ဒါဗစ်တို့မှာလည်း ဂျာမနီနိုင်ငံ တရားရုံး၌ပင် စစ်ဆေးခံကြရမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ၊အင်တာနက်။

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် သိမ်းဆည်းရမိသည့် အမေရိကန်တို့၏ မောင်းသူမဲ့ ကင်းထောက်လေယာဉ်ငယ်တစ်စီးနှင့်အတူ ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားတစ်ဦးကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်မှ အထက်တန်းကျောင်းသားများ အနိုင်ကျင့်ခံရသဖြင့် ကျောင်းမှထွက်ပြေး

နယူးယောက် ဩဂုတ် ၂၄

အမေရိကန်အစိုးရကျောင်းများမှ အထက်တန်းကျောင်းသား ၂၅၀၀ ကျော်တို့သည် ၎င်းတို့၏ တစ်ကိုယ်ရေလုံခြုံရေးအတွက် ကျောင်းများမှထွက်ပြေးနေရကြောင်း နယူးယောက်ပို့စ်သတင်းစာက တနင်္လာနေ့က ရေးသားလိုက်သည်။

မြို့တော်ပညာရေးဌာနက ကျောင်းသား ၂၅၄၀ အား စက်တင်ဘာမှ ဇွန်လအတွင်း ဘေးအန္တရာယ်လုံခြုံစေနိုင်မည့် ကျောင်းပြောင်းထားမှုကို ထောက်ခံ အတည်ပြုပေးခဲ့ရကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ၎င်းကျောင်းသားများမှာ အခြားကျောင်းသား အဖော်များ၏ ရိုက်နှက်အနိုင်ကျင့် ခြိမ်းခြောက်မှုများ ခံခဲ့ကြရသောကြောင့်ဖြစ်ကြောင်း အဆိုပါ သတင်းစာက ရေးသားသည်။

နယူးယောက်မြို့တော်တွင် အစိုးရကျောင်း ၁၃၀၀ ခန့်ရှိရာ ဘေးကင်းရန်ကင်းရှိစေသည့် ကျောင်းပြောင်းရေးအတွက် ကြိုးပမ်းသည့် ကျောင်းသားကျောင်းတစ်ကျောင်းစီတွင် နှစ်ယောက်ပျမ်းမျှရှိသည့် အဓိပ္ပာယ်ပင်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နာဂျက်ဖ်မြို့တွင် ရှီးယိုက်လက်နက်ကိုင် တိုက်ခိုက်ရေးသမား တစ်ဦးကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



တီကရစ်တွင် ချုံခိုတိုက်ခိုက်ခံရ၊ တူရကီတစ်ဦးနှင့် အီရတ်နှစ်ဦးသေဆုံး

တီကရစ် ဩဂုတ် ၂၄

အီရတ်နိုင်ငံမြောက်ပိုင်း တီကရစ်မြို့တွင် ဩဂုတ် ၂၃ ရက်က ချုံခိုတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ တူရကီကန်ထရိုက်တာတစ်ဦးနှင့် အီရတ်နှစ်ဦးတို့ သေဆုံးကြောင်း အမေရိကန် အမှတ်(၁) ကြည်းတပ်မမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုအဖြစ်အပျက်တွင် တတိယ အီရတ်အမျိုးသားတစ်ဦးမှာ သေဆုံးခဲ့ရပြီး နောက်တစ်ဦးမှာလည်း ဒဏ်ရာရရှိသွားသေးကြောင်း တူရကီတို့က ဆိုသည်။ တူရကီကန်ထရိုက်တာ၏ ယာဉ် အလုပ်ရှိရာသို့ ဦးတည်သွားနေစဉ် ကြားဖြတ်အပစ်အခတ်ခံရခြင်း ဖြစ်သည်။

ထိုကန်ထရိုက်သည် တီကရစ်ရှိ တံတားများ ပြုပြင်ရေးလုပ်ငန်းတွင် တာဝန်ယူလုပ်ဆောင်နေသော ကုမ္ပဏီမှဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရတ်တွင် လုပ်ငန်းလုပ်နေကြသော ပြည်ပကုမ္ပဏီများကို နိုင်ငံတွင်းမှထွက်သွားစေရန် ရည်ရွယ်၍ တိုက်ခိုက်ကြသော တိုက်ခိုက်မှုများကြောင့် ကန်ထရိုက်တာပေါင်း ဒါဇင်နှင့်ချီ၍ သေဆုံးခဲ့ရပြီးဖြစ်သည်။

အီရတ်စစ်ပွဲ ပြီးပြီဟု ကြေညာခဲ့ပြီးနောက်တွင်မှ ထိုကန်ထရိုက်တာများ သေဆုံးကြရခြင်းဖြစ်၏။

အမ်အင်အေ၊ရိုက်တာ။

အီရတ်ကြားဖြတ်အစိုးရ ဝန်ကြီးများယာဉ်တန်း ဗုံးခွဲတိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဩဂုတ် ၂၄

အီရတ်နိုင်ငံတွင် ကြားဖြတ်အစိုးရဝန်ကြီးများကို မကြာခဏပစ်မှတ်ထား၍ တိုက်ခိုက်သည်။ ယခုလည်း ဘဂ္ဂဒက်မြို့တော်၌ လုပ်ကြံမှုဟုယူဆရသော တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့သော်လည်း ကြားဖြတ်အစိုးရ ဝန်ကြီးနှစ်ဦးမှာ အသက်မဆုံးရှုံးဘဲ လွတ်မြောက်သွားသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးနှင့် ပညာရေးဝန်ကြီးတို့ စီးနင်းလိုက်ပါလာသော ယာဉ်တန်းများကို လမ်းတွင်ဖြတ်၍ အတိုက်ခိုက်ခံခဲ့ရသည်။

သဘာဝပတ်ဝန်းကျင် ဝန်ကြီး မတ်စကတ်မော်မင်၏ ယာဉ်တန်းမှ အနည်းဆုံးသက်တော်စောင့် လေးဦး တိုက်ခိုက်မှုကြောင့် သေဆုံးသွားသည်။ သို့ရာတွင် ဝန်ကြီးမှာမူ အထိအခိုက်မရှိဘဲ လွတ်မြောက်လာကြောင်း ရိုက်တာသတင်းအေဂျင်စီက ဖော်ပြသည်။

ပညာရေးဝန်ကြီး ဆာမီအလ်မူဒါဖာ၏ ယာဉ်တန်းကို တိုက်ခိုက်ခံရသည့်အတွက် သက်တော်စောင့်တစ်ဦး သေဆုံးသွားကြောင်း သတင်းများက ဆိုသည်။ တိုက်ခိုက်မှုကြောင့် လူအများအပြား ဒဏ်ရာရရှိခဲ့ကြသည်။

အဆိုပါ တိုက်ခိုက်မှုနှစ်ခုစလုံးမှာ နံနက်ပိုင်းအချိန်တွင် ဖြစ်ပွားခဲ့ကြခြင်းဖြစ်၏။ သဘာဝပတ်ဝန်းကျင်ဝန်ကြီး စီးနင်းလာသော ယာဉ်တန်းအနီးသို့ ပေါက်ကွဲစေတတ်သော ပစ္စည်းများတင်လာသည့် ကားတစ်စီးကပ်သွားပြီး အနီးအရောက်တွင် ဖောက်ခွဲလိုက်ခြင်းဖြစ်သည်။

ပညာရေးဝန်ကြီး၏ ယာဉ်တန်းမှာ လမ်းဘေးထောင်ဗုံးဖြင့် အတိုက်ခိုက်ခံရခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ဝန်ကြီးသည် နာဂျက်ဖ်မြို့ အကျပ်အတည်းအတွက် အကူအညီပေးသော လုပ်ငန်းနှင့် ဆာဒါမြို့အတွက် သောက်သုံးရေများ ပေးဝေနိုင်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့သူဖြစ်သည်။

ယခုအဖြစ်အပျက် မပေါ်ပေါက်မီ လအတန်ကြာကတည်းက အီရတ်အစိုးရ၏ တာဝန်ရှိသူဝန်ကြီး အများအပြားကို ပစ်မှတ်ထားကာ မကြာခဏ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

အင်တာနက်။

ဘာကူဘာမြို့အနီးတွင် အသေခံကားဗုံးဖောက်ခွဲ

ဘာကူဘာ ဩဂုတ် ၂၄

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်မြောက်ဘက်တွင် ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦး လိုက်ပါလာသော မော်တော်ယာဉ်တန်းအနီးတွင် တနင်္ဂနွေနေ့က အသေခံကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

တည်ငြိမ်အေးချမ်းမှုကင်းမဲ့နေသော ဘာကူဘာမြို့၏ ဒုတိယမြို့တော်ဝန် ဂါဆန်အယ်လ်ဂါဒရင်အား ပစ်မှတ်ထားပုံရသည့် တိုက်ခိုက်မှုဖြစ်ကြောင်း ရဲအရာရှိက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် ဒုတိယမြို့တော်ဝန်မှာ အသက်ဘေးမှ လွတ်မြောက်ကြောင်း ၎င်းက ပြောကြားသည်။

မြို့တော်ဘဂ္ဂဒက်မြောက်ဘက် မိုင် ၄၀ အကွာ ဘာကူဘာမြို့အနီးတွင် ယင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ဘာကူဘာမြို့တွင် မကြာသေးမီလများအတွင်း အမေရိကန်ဆန့်ကျင်ရေး ခုခံတိုက်ခိုက်မှုအများအပြား ပေါ်ပေါက်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကန်ဦးဆောင်သည့်တပ်ဖွဲ့များ နာဂျက်ဖ်မှထွက်ခွာရန် ဘာဆာရာမြို့တွင်တောင်းဆို

ဘာဆာရာ ဩဂုတ် ၂၅

အီရတ်ရှီးယိုက် ခုခံတိုက်ခိုက်ရေးသမားအများအပြားသည် ရိုင်ဖယ်များ၊ ဒုံးပစ်လောင်ချာများကို ဝှေ့ယမ်းကိုင်ဆောင်ကာ အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့ရှိ လမ်းမများပေါ်ထွက်ကာ အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့များ နာဂျက်ဖ်မြို့မှ ထွက်ခွာသွားရန် အင်္ဂါနေ့က တောင်းဆိုကြသည်။

အီရတ်အစိုးရ၏ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များသည် ဘာဆာရာမြို့ရှိ တောင်ပိုင်း ရေနံကုမ္ပဏီဌာနချုပ်ကို ကာကွယ် စောင့်ရှောက်ထားကြောင်း ဒေသခံများက ပြောကြားသည်။

ဘာဆာရာမြို့သည် ရှီးယိုက်တို့ အများဆုံးနေထိုင်ရာ မြို့ဖြစ်သည်။ နာဂျက်ဖ်မြို့တွင် တိုက်ပွဲစတင်ဖြစ်ပွားခဲ့ချိန်ကတည်းက ဘာဆာရာမြို့ရှိ ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါအား ထောက်ခံသူများသည် ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်လျက်ရှိသည်။

အင်တာနက်။

ပျက်စီး

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့အနီးတွင် အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ပျက်စီးသွားသည့် အိမ်တစ်လုံးကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မီးလောင်ကျွမ်း

အီရတ်နိုင်ငံ ဘာဆာရာမြို့အနီး ဘာဂျီဆီယာမြို့တွင် ရေနံပိုက်လိုင်းတစ်လိုင်း မီးလောင်ကျွမ်းနေသည်ကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံ ကူဖာမြို့တွင် တိုက်ပွဲဖြစ်ပွားမှုကြောင့် ပျက်စီးသွားသော အဆောက်အအုံတစ်လုံးကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



တိုက်ခိုက်ခံရ

အီရတ်နိုင်ငံ ဆာလာဟီယာမြို့တွင် တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် အဆောက်အအုံတစ်လုံးကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဒဏ်ရာရ

ဩဂုတ် ၂၂ ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသူတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော ကားတစ်စီးနှင့် ဒဏ်ရာရရှိသူ အမျိုးသားတစ်ဦးတို့ကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စာကြည့်တိုက်များနေ့စဉ်နှင့်အမျှ တိုးတက်ဖြစ်ထွန်းလျက်ရှိ မြို့နယ် ၃၇၃ မြို့နယ်တွင် အီလက်ထရွန်းနစ် စာကြည့်တိုက် ၄၈ ခု အပါအဝင် စာကြည့်တိုက်များ ဖွင့်ထား ကျေးရွာစာကြည့်တိုက်ပေါင်း ၅၀၀၀ ကျော်ဖွင့်လှစ်နိုင်ပြီး စေတနာရှင်များက ပါဝင်ပူးပေါင်းဆောင်ရွက်နေ

ရန်ကုန် ဩဂုတ် ၂၅

နိုင်ငံတော်က ချမှတ်ထားသော လူမှုရေးဦးတည်ချက်လေးရပ်အနက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် ဦးတည်ချက်ကိုလည်း တစ်ဖက်တစ်လမ်းမှ အကောင်အထည်ဖော် ဆောင်ရွက်သည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ အသိပညာ၊ ဗဟုသုတ ဖွံ့ဖြိုးကြွယ်ဝစေရေးနှင့် မှန်ကန်သော အတွေးအခေါ်၊ အသိအမြင်များ ရရှိစေရေးအတွက် ပညာဘဏ်တိုက် စာကြည့်တိုက်များ ဖွင့်လှစ်၍ အသိပညာဗဟုသုတများ ဖြန့်ဝေပေးလျက်ရှိသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြို့နယ်ပေါင်း၃၇၃ မြို့နယ်တွင် အီလက်ထရွန်းနစ်စာကြည့်တိုက် ၄၈ခု အပါအဝင် စာကြည့်တိုက်များဖွင့်လှစ်ပေးထားပြီး မြို့ပေါ်များတွင်သာမက နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများအထိ သွားရောက်၍ တစ်နှစ်လျှင် အကြိမ်တစ်သောင်းကျော်ခန့် နယ်လှည့် စာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးရွာအုပ်စု ၁၃၄၇၈အုပ်စုတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအပါအဝင် စာကြည့်တိုက်ပေါင်း ၅၀၀၀ကျော်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ကျန်ရှိသောကျေးရွာအုပ်စုများတွင် ဆက်လက်ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း အပြီးတိုင်ဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ ပံ့ပိုးဆောင်ရွက်ပေးမှုနှင့်အတူ စေတနာရှင် အလှူရှင်ပြည်သူများကလည်း အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်၁၇ရက်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးတွင် ကျင်းပသော ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပုဂ္ဂလိက စာပေတိုက်များ၊ ဂျာနယ်မဂ္ဂဇင်းတိုက်များနှင့် စာပေဖြန့်ချိရေးလုပ်ငန်းများမှ အလှူရှင်များက စာအုပ်စာစောင် စုစုပေါင်း ၁၄၀၀၀ ကျော် တန်ဖိုးငွေကျပ် ၅၄သိန်းကျော်ဖိုး လှူဒါန်းခဲ့ကြသည်။ ဆက်လက်၍လည်း စေတနာရှင် အလှူရှင်များက စာအုပ်၊စာစောင်များကို ပေးပို့လှူဒါန်းကြဦးမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ဆောင်ရွက်နိုင်

ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များကို မိမိတို့ရပ်ရွာဒေသတွင် ဖြစ်စေ၊ အခြားသော ကျေးရွာများတွင်ဖြစ်စေ ထူထောင်လိုပါက တစ်ဦးတည်းမတည်လှူဒါန်း ထူထောင်နိုင်သလို စုပေါင်း၍လည်း လှူဒါန်းထူထောင်နိုင်သည်။ လိုအပ်သောကူညီပံ့ပိုးမှုများကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းအမှတ်(၂၂/၂၄)ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနများမှ တစ်ဆင့်လည်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နေ့စဉ်နှင့်အမျှ တိုးတက်ဖြစ်ထွန်းလာသောစာကြည့်တိုက်များအတွက် ပြည်တွင်း၊ပြည်ပမှ စေတနာရှင် အလှူရှင်များက စာအုပ်၊ စာစောင်များကို စဉ်ဆက်မပြတ် လှူဒါန်းကြလျက်ရှိရာ ယနေ့အထိ စာအုပ်စာတမ်းလှူဒါန်းပွဲ(၆၂)ကြိမ်ကျင်းပနိုင်ခဲ့သည်။ စေတနာရှင်အလှူရှင်များထံမှ စာအုပ်၊ စာစောင် ငါးသိန်းခန့် တန်ဖိုးငွေကျပ် ၆၃၄သိန်းကျော်ဖိုးခန့် လက်ခံရရှိခဲ့ပြီး မြို့နယ်စာကြည့်တိုက်များနှင့် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များသို့ စဉ်ဆက်မပြတ်ပေးပို့၍ တိုင်းရင်းသားပြည်သူများ အသိပညာ၊ ဗဟုသုတဖွံ့ဖြိုးကြွယ်ဝစေရန် လက်ဆင့်ကမ်း ဖြန့်ဝေပေးလျက်ရှိသည်။ (သတင်းစဉ်)

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ပျဉ်းပင်ကျေးရွာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၁၁ရက်ကကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးစောထွဋ်နောင်နှင့် ပျဉ်းပင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်တစ်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(က-ပ)

ကော့သောင်းခရိုင် ပုလုံးတုံတုံးကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ကော့သောင်းခရိုင် ကမ်းနီးငါးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ မိုးပွင့်မြိုင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမိုးကျော်က ကျေးရွာဥက္ကဋ္ဌထံ စာအုပ်များလှူဒါန်းစဉ်။

(၄၈၁)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်။



❖ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ဆက်သွယ်ပါ။

❖ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန။

ပြည်သူများအသိပညာနှင့် ဗဟုသုတဖွံ့ဖြိုးစေရေးအတွက် မြို့နယ်စာကြည့်တိုက်များသို့ စာအုပ်များဖြည့်တင်းပေးလျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ အသိပညာဖွံ့ဖြိုးကြွယ်ဝစေရေး၊ အထွေထွေဗဟုသုတ တိုးပွားစေရေးနှင့် မျိုးချစ်စိတ်ဓာတ် ထွန်းကားပြန့်ပွားစေရေးတို့အတွက် မြို့နယ်အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်များသို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံ စာအုပ်များကို စဉ်ဆက်မပြတ် ဖြည့်တင်းပေးလျက်ရှိသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၁-၇-၂၀၀၄ရက်နေ့မှ ၁၀-၈-၂၀၀၄ရက်နေ့အတွင်း ပေးပို့ခဲ့ကြသောစာအုပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

စဉ်။	စာအုပ်အမည်	စာရေးသူ
၁။	ခင်မဝမ်းမြောက်ပါလေတော့ပြဇာတ်	ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)
၂။	ငွေလိုမလား၊ အမေလိုသလား	မင်းဣန္ဒြေလင်း(ရွှေနိုင်ငံ)
၃။	CHANGING MINDS	J.M. Roberts
၄။	စိတ်အလုပိုင်ရှင်များ	ချစ်နိုင်(စိတ်ပညာ)
၅။	ဆေးပညာဗဟုသုတဒိုင်ယာရီ	ဒေါက်တာအေးကျော်
၆။	ဆန်းကြယ်သောကောင်းမှုအကျိုး	ချစ်နိုင်(စိတ်ပညာ)
၇။	ထားဝယ်၊မြိတ်၊ကော့သောင်းနှင့်တနင်္သာရီကျွန်းစုများဆီသို့	မယဉ်ကျေး(ကျောင်းကုန်း)
၈။	မကြုံဂလက်နှင့် အနီးဝန်းကျင်ဆလုံကျွန်းများ	မဥမ္မာ
၉။	မြူတစ်မှုန်၊ နှင်းတစ်ပွင့်၊ မိုးရေတစ်စက်နှင့် လေညင်းတစ်သွယ်	မောင်ကြင်နာ
၁၀။	မြန်မာနိုင်ငံ ပါဠိနှင့် ပိဋကတ်စာပေသမိုင်းသစ်	မောင်မောင်ညွှန့်(မန်းတက္ကသိုလ်)
၁၁။	မြန်မာ့ရိုးရာပြဇာတ်	မောင်ယဉ်လှိုင်း(ပျဉ်းမငြိမ်)
၁၂။	ရင်ထဲကမြကန်သာကဗျာများ	မောင်မြင့်သန်း(မကွေး)
၁၃။	ရင်လှိုင်းခတ်သံကဗျာများ	မကျည်းတန်(လှိုင်ကော်)
၁၄။	ရောင်စုံယှက်သန်းယဉ်ကျေးမှုအဆင်ဆန်းများ	ပါမောက္ခဒေါ်အေးသန်း
၁၅။	ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး	ဘတင့်(ဓာတုအနုပညာ)
၁၆။	ရွှေရောင်လွှမ်းတဲ့အခွင့်အလမ်း	ချစ်နိုင်(စိတ်ပညာ)
၁၇။	သမိုင်းခြေရာဖွေရှာခြင်း	မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)
၁၈။	သူတို့ကိုယ်စားဝတ္ထုတိုများ	ပုသိမ်ရန်နောင်စိုး
၁၉။	အစိမ်းရောင်လွင်ပြင်ထဲက အနီရောင်နှလုံးသား	ကိုကြီးအောင်ချမ်းသာ
၂၀။	အဓိကလူ-လူအဓိက	ညီညီနိုင်
၂၁။	ဥဿာပဲခူး ဟံသာဝတီ	ကိုကို(သုတေသန)

❍ **အမျိုးသားကျန်းမာရေးမှ**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အဖြစ် အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်နေကြသည်များကို ကြည့်ရှုအားပေးရာ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ခွဲစိတ်အထူးကု ဆရာဝန်ကြီးများက ရှင်းလင်းတင်ပြကြသည်။

ပံ့ပိုးဖြည့်ဆည်းပေး

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးပြီး ဆေးရုံသစ်ကြီးမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)၌ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ်ဆောင်ရွက်သည့် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ကြည့်ရှုအားပေးရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ခွဲစိတ်အထူးကု ဆရာဝန်ကြီးများက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပထမဆုံးအကြိမ် အသည်းရောဂါလူနာအား အစားထိုးကုသ

အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)၌ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မန်လှ ဦးဆောင်၍ ခွဲစိတ်အထူးကု ဆရာဝန်ကြီးများက မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းရောဂါလူနာအား အစားထိုးကုသမှု ဆောင်ရွက်စဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးကျင်းပရေးစည်းဝေး

ရန်ကုန် ဩဂုတ် ၂၅

လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးနှင့် အာဆီယံနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကျင်းပရေးအတွက် ပထမအကြိမ် အစည်းအဝေးကျင်းပရေးဦးစီးကော်မတီ အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အစည်းအဝေးကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးက အစည်းအဝေးများ မြန်မာနိုင်ငံ၌ လက်ခံကျင်းပရေး လုပ်ငန်းစီမံထားမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများက မိမိတို့ ဆပ်ကော်မတီအလိုက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို တင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ပါဝင်ဆွေးနွေးကြပြီး အစည်းအဝေး ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

❒ **စစ်မြေပြင်ရောက်မှ**

ဂျင်တဲလ်သည် ရိုင်ရယ်ဟိုင်းလင်းဖျူဆီလီယာတော်ဝင်တပ်တွင် အမှုထမ်းနေသူတစ်ဦးဖြစ်၏။ ၎င်းသည် အီရတ်တောင်ပိုင်း ဘာဆာရာဒေသ၌ တိုက်ကင်းတာဝန်ထမ်းဆောင်နေစဉ် ဗုံးပေါက်ကွဲ၍ သေဆုံးရခြင်းဖြစ်သည်။ ဂျင်တဲလ်၏မိခင်သည် ပြီးခဲ့သောသီတင်းပတ်က ဝန်ကြီးချုပ်ရုံးရှိရာ ဒေါင်းနင်းလမ်းတွင် သူမ၏ သားကိစ္စနှင့် ပတ်သက်၍ စစ်ပွဲကို အပြင်းအထန် ကန့်ကွက်ပြောကြားခဲ့သည်။ ထိုသို့ ကန့်ကွက်ပြောကြားခဲ့ပြီးနောက် ထွက်အလာတွင် ဒုတိယဝန်ကြီးချုပ် ဂျွန်ပရက်စကော့သည် အဓိပ္ပာယ်မဲ့သော စကားများကို ပြောကြားကြောင်း သေဆုံးသည့် တပ်ဖွဲ့ဝင်၏ မိခင်က ဆိုသည်။

တပ်ဖွဲ့ဝင်သည် ဂျင်တဲလ်လိုက်ပါလာသော တိုက်ကင်းအဖွဲ့တွင် ဗုံးစနက်တံပြုတ်မသွားစေရန် ထိန်းသည့် ကိရိယာပါရှိသွားလျှင် သူမ၏သား ယခုကဲ့သို့ သေဆုံးရမည်မဟုတ်ဟု သူမက ဂါဒီယန်သတင်းစာကို ပြောကြားခဲ့သည်။ မိခင်ဖြစ်သူသည် သူမ၏သားအမှုအတွက် ရှေ့နေဂျွန်ကူးပါးကို ငှားရမ်းထားသည်။ ကူးပါးသည် ၁၉၉၅ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်များတွင် သေဆုံးခဲ့ရသော တပ်ဖွဲ့ဝင်လေးဦး၏ အမှုများအတွက် လိုက်ပါဖူးသူ ဖြစ်သည်။

(အင်တာနက်)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

❋ **သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။**

❋ **သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။**

❋ **ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။**

❋ **ဓာတ်အားအလေအလွင့်နှင့် ဖြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့်အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။**

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ပေ မီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံ တစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများလှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားလူသိများခြင်း၊ ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းဟူသည့် ရေအကျိုး (၁၀)ပါးကို ဆုမတောင်းဘဲ ရရှိနိုင်သည်ဖြစ်ရာ စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၈၁၉၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

✧ မြန်မာနိုင်ငံမှ

"for carrying out the provisions of the Convention on International Civil Aviation, signed at Chicago, on 7 December, 1944, and any amendment which may be made thereto under the provisions of Article 94, thereof" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ယင်းပုဒ်မ၏ ဘေးခေါင်းစဉ်တွင်ပါရှိသော "Convention of 1919" ဆိုသည့် စကားရပ်ကို "Convention of 1944" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၃။ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(၁)တွင် ပါရှိသော "class of aircraft" ဆိုသည့်စကားရပ်၏နောက်တွင် "and the safety and the security of Civil Aviation" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲငယ်(ကခ)၏နောက်တွင် ပုဒ်မခွဲငယ်(ကဂ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ac) the economic regulation of civil aviation and air transport services, including the approval, disapproval or revision of tariff of operators of air transport services, the officers or authorities who may exercise powers in this behalf, the procedure to be followed, and the factors to be taken into account by such officers or authorities, appeals to the Government against orders of such officers or authorities and all other matters connected with such tariff."

၅။ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေပုဒ်မ ၅၏နောက်တွင် ပုဒ်မ၅–ကအဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"5A. (a) The Chairman of the State Peace and Development Council may confer on the Ministry of Transport the power to make rules prescribed in section 5. *Conferring power to make rules.*

(b) Under the power conferred by sub-section (a), the Ministry of Transport may, with the approval of the Government, make such rules as may be necessary. *power of Ministry of Transport to make rules.*

(c) For the implementation of the provision of this Act, the Ministry of Transport may issue necessary notifications, orders, notices on requirements and directives and the Department of Civil Aviation may issue necessary orders, notices on requirements and directives." *power to issue notifications, orders, notices and directives.*

၆။ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေပုဒ်မ ၉ ၏ နောက်တွင် ပုဒ်မ ၉–က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"9A. Whoever wilfully fails to comply with any notifications, orders, notices and directives issued under sub-section(c) of section 5A, shall be punishable with imprisonment for a term which may extend to one month or with fine which may extend to kyats 20,000, or with both." *Penalty for failure to comply with notifications, orders, notices and directives.*

၇။ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေတွင်–

(က) ပုဒ်မ ၁၀၌ပါရှိသော "section 5," ဆိုသည့် စကားရပ်၏နောက်တွင် "sub-section(b) of section 5A," ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မ ၁၀၌ပါရှိသော "one thousand kyats" ဆိုသည့်စကားရပ်ကို "Kyats 50,000" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၁၌ပါရှိသော "one thousand kyats"ဆိုသည့် စကားရပ်ကို "kyats 100,000" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းအား မလေးရှားဘုရင့်လေတပ်မတော် ကာကွယ်ရေးဦးစီးချုပ်တွေ့ဆုံနှုတ်ဆ

ရန်ကုန် ဩဂုတ် ၂၅

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းအား ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော မလေးရှာ မလေးရှားဘုရင့်လေတပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Datuk Nik Ismail Bin Nik Mohamed **နှင့် အဖွဲ့ဝင်များသည် ယနေ့မှ ၂နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။** (အပေါ်ပုံ)

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် အတူ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော်မလေးရှားနိုင်ငံ မလေးရှားဘုရင့်လေတပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Datuk Nik Ismail Bin Nik Mohamed နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Defence Advisor Colonel Hj Abbas Bin Hj, Mat နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာတည်ခင်း

ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းသည် ဧည့်သည်တော် မလေးရှားနိုင်ငံ မလေးရှား ဘုရင့်လေတပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Datuk Nik Ismail Bin Nik Mohamed နှင့် အဖွဲ့ဝင်များအား ကရဝိက်နန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်နှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် မလေးရှားနိုင်ငံ မလေးရှားဘုရင့်လေတပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Datuk Nik Ismail Bin Nik Mohamed နှင့် ဇနီးနှ ဝင်များနှင့်အတူ ပြည်ထောင်စု နိုင်ငံတော်ဆိုင်ရာ မလေးရှာ သံအမတ်ကြီး H. E. Dato' C Sam Kip နှင့် Defence A sor Colonel Hj Abbas Bi Mat နှင့် တာဝန်ရှိသူများလည်း ရောက်ကြသည်။

(သတင်

မလေးရှားဘုရင့်လေတပ်မတော်ကာကွယ်ရေးဦးစီးချ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်

ရန်ကုန် ဩဂုတ် ၂၅

မလေးရှားနိုင်ငံ မလေးရှားဘုရင့်လေတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Datuk Nik Ismai Nik Mohamed ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပ အတွက် ယနေ့နံနက် ၁၁နာရီ ၁၅မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

မလေးရှားနိုင်ငံ မလေးရှားဘုရင့်လေတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ချစ်ကြ ကိုယ်စားလှယ်အဖွဲ့အား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်နှင့်ဇနီး၊ ကာကွယ်ရေးဝ ဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Defence A sor Colonel Hj Abbas Bin Hj, Mat နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နှုတ်ဆက်ကြသည်။

(သတင်

မြန်မာယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၅

တရုတ်–မြန်မာ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်မှုကို တိုးပွားစေရေးတို့ အတွက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဦးဆောင်သည့် မြန်မာယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဩဂုတ် ၁၈ရက်မှ ၂၅ရက်ထိ ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အာရှအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ယဉ်ကျေးမှု မြန်မာကိုယ်စားလှယ်အဖွဲ့အား ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

အဖွဲ့ဝင်များ

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးဒေါ်နုမြဇ၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခ ဒေါ်ခင်ကြည်ပြာ၊ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှကြီးမောင်မောင်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဌာနစိတ်မှူး ဦးထွန်းထွန်းလွင်တို့ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆–၈–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အကပဒေသာ
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ သုံးဆယ်ရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅၁၀။ Let's Go.
- ၉:၀၀၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတ
- ၅:၄၅ ၈။ "ချစ်သောရေ ချစ်သော (ရာဇာနေဝင်း၊ခိုင်နှင်းဝေ) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
- ၆:၀၀ ၉။ တေးဂီတအစီအစဉ်
- ၆:၁၅၁၀။ မြန်မာစာမြန်မာစကား
- ၆:၃၀၁၁။ ညနေခင်းသတင်း
- ၇:၀၀၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ လူချွန်လူကောင်း(အပိုင်း–**
- ၇:၃၀ ၁၄။ တေးဂီတအစီအစဉ်
- ၇:၄၅၁၅။ နိုင်ငံအဝန်း သစ်တောစ စိမ်းလန်းစေရမည်
- ၈:၀၀၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **မြန်မာရုပ်ရှင် "ဆန်ရေ"(အပိုင်း–၁) (ညွှန့်ဝင်း၊လွင်မိုး၊မြင့်မြင့် စမ်းစမ်းအေး၊နိုင်နှင်းဝေ) (ဒါရိုက်တာ–ကြည်စိုးထွ**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ကန်တော်ကြီးဥယျာဉ် ဖွင့်ပွဲအခမ်းအနားတွင် ဈေးပွဲတော်ကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၂၅

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ် ဖွင့်ပွဲအခမ်းအနားတွင် ဈေးပွဲတော်တစ်ရပ်ပါဝင်ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်ဇော်နှင့် Woodland Co., Ltd. မှအုပ်ချုပ်မှု ဒါရိုက်တာ ဦးဝင်းအောင်တို့ တက်ရောက်ကြသည်။

စည်ကားသိုက်မြိုက်စွာ

အစည်းအဝေးတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ် ဖွင့်ပွဲအခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့် ဈေးပွဲတော်တစ်ရပ်ကို စည်ကားသိုက်မြိုက်စွာ ပါဝင်ကျင်းပနိုင်ရေးအတွက် ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့နှင့် ပူးပေါင်း၍ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရေး၊ မြန်မာ့ရိုးရာခြင်းခတ်ပြိုင်ပွဲကို နိုင်ငံတော်အဆင့်အထိ စည်ကားစွာ ကျင်းပနိုင်ရေးအတွက် ဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ် ဖွင့်ပွဲအခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့် ဈေးပွဲတော်တစ်ရပ်ပါဝင်ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (ဟိုတယ်/ခရီး)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်နှင့် ဝတ္ထုတို ပြိုင်ပွဲဝင်သူများသည် တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်နှင့် ဘောင်ဝင်အောင် ရသမြောက်စွာရေးဖွဲ့၍ ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ခေါင်းစဉ်သတ်မှတ်ပေးထားခြင်းမရှိဘဲ မိမိနှစ်သက်ရာ ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင် ဝတ္ထုရှည်ကို စာလုံးရေ ၅၀၀၀၀မှ ၇၀၀၀၀ အတွင်းရေးသားကြရမည်။ ပြိုင်ပွဲဝင် ဝတ္ထုတိုကိုစာလုံးရေ ၄၀၀၀မှ ၁၀၀၀၀ အတွင်း ရေးသားကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ဆောင်းပါးကို စာလုံးရေ ၃၀၀၀မှ ၅၀၀၀ အတွင်းရေးသားရမည်ဖြစ်ပြီး ဆောင်းပါးအတွက်သတ်မှတ်ပေးထားသော ခေါင်းစဉ်မှာ "တပ်မတော်၏ အမျိုးသားနိုင်ငံရေး အစဉ်အလာကောင်းများ"ဟူ၍ဖြစ်သည်။

ပြိုင်ပွဲဝင်သူများသည် စာမူနှစ်စောင်နှင့်အတူ မိမိကိုယ်တိုင်ရေးသားသော စာမူဖြစ်ကြောင်း၊ အခြားပြိုင်ပွဲများတွင် ဆုရရှိထားသည့် စာမူ၊ ပုံနှိပ်ဖော်ပြဖူးသည့် စာမူမဟုတ်ကြောင်း ကတိဝန်ခံချက်၊ စာရေးသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ ပတ်စ်ပို့အရွယ် (၂⅓ x ၂")နှစ်ပုံတို့ကို ပူးတွဲ ပေးပို့ရမည်ဖြစ်သည်။ ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများသို့ စာပေဝါသနာရှင်တိုင်း ကဏ္ဍတစ်မျိုးတွင် တစ်ပုဒ်ကျစီ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲအားလုံးတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် စာမူများကို ဦးကိုကိုထွေး အတွင်းရေးမှူး တပ်မတော်နေ့ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေး ဒုတိယဝန်ကြီး ဦးဖေသန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

ရန်ကုန် ဩဂုတ် ၂၅

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်းသည် ယမန်နေ့ နံနက် ၉နာရီတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသော ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဝန်ကြီးဌာန၏ရည်မှန်းချက်အပေါ် စွမ်းဆောင်နိုင်မှု ဆုများကို ဆက်လက်ချီးမြှင့်ရာ ပထမဆုကို ပြည်နယ်ရုံး (လားရှိုး)၊ ဒုတိယဆုကို ခရိုင်ရုံး (တောင်ငူ)၊ တတိယဆုကို ခရိုင်ရုံး (လွိုင်လင်)၊ စတုတ္ထဆုကို ခရိုင်ရုံး(ပြည်)၊ ပဉ္စမဆုကို ခရိုင်ရုံး(ပခုက္ကူ)တို့အား ချီးမြှင့်သည်။ ဆက်လက်၍ ဝန်ထမ်းသားသမီးများ၏ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ ဂုဏ်ထူးရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်သည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဗိုလ်တထောင်မြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေး၏ အခြေစိုက်အလုပ်ရုံ အမှတ်(၁)၌ ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက လုပ်ငန်း စွမ်းဆောင်ရည် ဆုများကို ဆက်လက်ချီးမြှင့်ရာ ပထမဆု နှစ်ဆုကို ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (မန္တလေး) နှင့် ခရီးသည် ပို့ဆောင်ရေးဌာနခွဲ အမှတ်(၅)တို့ကိုလည်းကောင်း၊ ဒုတိယဆုနှစ်ဆုကို ကုန်စည်ဌာနခွဲ (ရွှေဘို)နှင့် ခရီးသည်ပို့ဆောင်ရေးဌာန(အဝေးပြေး)တို့ကိုလည်းကောင်း၊ စက်မှုစီးပွားထုတ်ချွန် တံဆိပ်(တတိယဆင့်)ရရှိသော အခြေစိုက် အလုပ်ရုံ အမှတ်(၁)မှ လက်ထောက် အထွေထွေမန်နေဂျာ ဦးသန်းထွန်းအားလည်းကောင်း ဆုများ ချီးမြှင့်သည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ရထား)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးညှိနှိုင်း

ရန်ကုန် ဩဂုတ် ၂၅

၂၀၀၄ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ပထမအကြိမ် အကြိုညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်း ဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က အဖွင့်အမှာစကား ပြောကြားသည်။

၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အတွက် ပစ္စည်းနှင့် ငွေများ ဂုဏ်ပြုလှူဒါန်းလိုသော အလှူရှင်များသည် ကျင်းပရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း ဦးစီး ဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်း ဖုန်း–၆၆၂၅၉၁၊အတွင်းရေးမှူး ဦးလှမြင့် (ဒုတိယညွှန်ကြားရေးမှူး–စီမံ/ဘဏ္ဍာ) ဖုန်း–၆၆၂၅၈၉၊ ဦးအေးဝင်း (ဒုတိယ ညွှန်ကြားရေးမှူး) ဖုန်း–၆၆၂၅၈၆ နှင့် ဦးမြသွင် (ဦးစီးအရာရှိ) ဖုန်း–၆၆၂၅၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

အသက်(၁၄)နှစ်နှင့်အောက် နိုင်ငံတကာလူငယ် တင်းနစ်ပြိုင်ပွဲများအတွက် လူရွေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

အသက်(၁၄)နှစ်နှင့်အောက် နိုင်ငံတကာလူငယ် တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၂၁ရက်မှ ၂၅ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ လည်းကောင်း၊ အောက်တိုဘာ ၅ရက်မှ ၁၀ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လည်းကောင်း အသီးသီးကျင်းပမည်ဖြစ်ရာ ယင်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် လူရွေးချယ်ပွဲများကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ရှိရာ သိမ်ဖြူတင်းနစ်ကွင်း၌ စက်တင်ဘာ ၁ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဝင်ရောက် ယှဉ်ပြိုင်လိုသော အသက်(၁၄)နှစ်နှင့်အောက် တင်းနစ်အားကစားမောင်မယ်များသည် သိမ်ဖြူတင်းနစ်ကွင်းရှိ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ရုံးဖုန်း–၃၇၂၃၆၀နှင့် ၃၈၁၉၉၁တို့သို့ ဩဂုတ် ၃၁ရက် ညနေ ၄နာရီနောက်ဆုံးထား စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

ဩဂုတ် ၂၀ရက်က သဃ်န်းကျွန်းမြို့နယ် အလက(၁)ကျောင်း၌ ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် အလှူရှင် ဦးနေဝင်း–ဒေါ်မာမာလွင်တို့၏ သမီး တတိယတန်း(က)မှ မသဉ္ဇာနေဝင်းနှင့် သူငယ်တန်းမှ သား သူရနေဝင်း မိသားစုတို့က ကျောင်းသား၊ ကျောင်းသူများအား အုန်းနို့ဆန်ပြုတ် အာဟာရ တိုက်ကျွေးစဉ်။ (က–ပ)

ရန်ကုန်မိုးရေချိန်

(၂၅–၈–၂၀၀၄)

ရန်ကုန်မြို့လယ်

၀ ဒသမ ၆၈ လက်မ

မင်္ဂလာဒုံ

၀ ဒသမ ၂၈ လက်မ

ကမ္ဘာအေး

၀ ဒသမ ၂၀ လက်မ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆–၈–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -The Role Supervisor (စီးပွားစီမံ)
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မျက်ရည်မိုး (အပိုင်း–၂၀)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင် "အဆိပ်မယ်နှင့် ငါးဒေဝီ" အပိုင်း(၆) (ဇာတ်သိမ်းပိုင်း)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ (၁၀)နှစ်ပြည့်အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❀ ကျောဖုံးမှ

ညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးက သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းတွင် ရေစုပ်စက်များ တပ်ဆင်ပြီးစီးမှု၊ မြို့ပြပိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဓာတ်အားလိုင်းများ သွယ်တန်းပြီးစီးမှုနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးမှု၊ ရေပေးဝေနိုင်မှု၊ မိုးစပါးစိုက်ပျိုးပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ကုန်းမြင့်နေရာများ၌ စိုက်ပျိုးရေရောက်ရှိ အသုံးပြုနိုင်ရေးအတွက် ကုန်းမြင့်လယ်ယာများ ဖော်ထုတ်စိုက်ပျိုးသွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရေတင်စခန်းအမှတ်(၁)မှ ရောဝတီမြစ်ရေကို စုပ်တင်ပေးဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ရေပေးမြောင်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ရေတင်စခန်း အမှတ်(၁)နှင့် အမှတ်(၂)အကြား၌ မိုးစပါး စံပြကွက် စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ မကွေးမြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးစန်းလွင်က ၂၀၀၄ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးရန် လျာထားမှု၊ စိုက်ပျိုးပြီးစီးမှု၊ အောင်မြင် ဖြစ်ထွန်းမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မိုးစပါး တိုးချဲ့စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဒေသခံ တောင်သူဦးကြီးများနှင့် တွေ့ဆုံ၍ မိုးစပါး စိုက်ပျိုးမှုနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး မိုးစပါး တိုးချဲ့စိုက်ပျိုးသွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် သဖန်းဆိပ်ကျေးရွာအုပ်စု၊ ပုတီးကုန်းရွာ လယ်သမားကြီး ဦးခိုင်စောဦး၏ လယ်မြေငါးဧက၌ မိုးစပါးကို ရေတင်စခန်း အမှတ်(၂)မှ ရေကိုအသုံးပြု၍ ထွန်ယက်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရေတင်စက်ရုံ အမှတ်(၃)ရှိ ရေတင်စက်များ ရေစုပ်တင်မှုအခြေအနေနှင့် ရေတင်စခန်း အမှတ်(၃)မှ ရေပို့လွှတ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ပင်မမြောင်းနှင့် လက်တံမြောင်းများအားလုံး တူးဖော်ပြီးစီးပြီး ၁၁ကေဗွီဓာတ်အားလိုင်း ၇ဒသမ၀၅မိုင် သွယ်တန်းခြင်း၊ မော်တာပန့် ၂၇လုံး တပ်ဆင်ခြင်း၊ ၁၀၀၀ ကေဗွီအေ ဓာတ်အားခွဲရုံတစ်ရုံနှင့် ၅၀၀ ကေဗွီအေ ဓာတ်အားခွဲရုံနှစ်ရုံ တည်ဆောက်ခြင်း၊ (၉)ကျူးဆက်ပန့်တစ်ခု၊ (၁၂)ကျူးဆက်ပန့်နှစ်ခု၊ (၃၀)ကျူးဆက်ပန့်တစ်ခု၊ (၂၀)ကျူးဆက်ပန့်တစ်ခု တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးနေပြီဖြစ်သည်။

စိမ်းလန်းစိုပြည်ရေး

သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို သဖန်းဆိပ်ဒေသရှိ လယ်မြေဧက ၁၀၀၀နှင့် ဝါနှင့် ဆီထွက်သီးနှံ ဧက ၆၂၀၀ခန့်ကို ရေပေးနိုင်ရန်နှင့် မကွေးမြို့ ပတ်ဝန်းကျင်ခုနစ်မိုင် စိမ်းလန်းစိုပြည်ရေးအတွက် တည်ဆောက်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းမှ ၂၀၀၄ခုနှစ်တွင် မိုးစပါးဧက ၁၀၀၀ စိုက်ပျိုးရန် လျာထားရာ ရေတင်စခန်း အမှတ်(၁)တွင် မိုးစပါး ၁၂ဧက၊ ရေတင်စခန်း အမှတ်(၂)တွင် မိုးစပါး ၁၈၉ဧက၊ ရေတင်စခန်း အမှတ်(၃)တွင် မိုးစပါး ၁၃ဧကနှင့် မြောင်းမကြီးမှ ရေယူ၍ မိုးစပါး ၃၂ဧက စုစုပေါင်း မိုးစပါး ၂၄၆ဧက စိုက်ပျိုးပြီးစီးပြီး လျာထားဧက ၁၀၀၀ ပြည့်မီရေးအတွက် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

မှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေးဆေးတက္ကသိုလ် သင်ကြားရေးဆေးရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိလာရာ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး ဦးစံလင်းက ရှင်းလင်းဆောင်၌ မကွေးဆေးတက္ကသိုလ် သင်ကြားရေးဆေးရုံနှင့် မကွေးဆေးတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍ ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်ကာလအမီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရေးတို့ကို မှာကြားသည်။

မကွေးဆေးတက္ကသိုလ် သင်ကြားရေးဆေးရုံသည် ၄၂ဧက ကျယ်ဝန်းပြီး ခုတင် ၂၀၀ဆံ့ နှစ်ထပ် သံကူကွန်ကရစ် အဆောက်အအုံဖြစ်သည်။ ၂၀၀၃ခုနှစ် ဇန်နဝါရီ ၉ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၅၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ၂၀၀၅ခုနှစ်တွင် ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မကွေးဆေးတက္ကသိုလ်သည် ၉၆ဒသမ၆၆ဧက ကျယ်ဝန်းပြီး ပင်မဆောင် ဘလောက်(စီ)၏ အဆောင်(ဂ)နှင့် စာသင်ဆောင်နှစ်ဆောင်တွဲမှာ လုံးဝပြီးစီးနေပြီဖြစ်သည်။ ဘလောက်(စီ)၏ အဆောင်(ခ)လုပ်ငန်းမှာ ၄၀ရာခိုင်နှုန်းနှင့် ဘလောက်(စီ)၏ အဆောင်(ဃ)လုပ်ငန်းမှာ ၂၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မကွေးဆေးတက္ကသိုလ် ခုတင် ၂၀၀ဆံ့ သင်ကြားရေးဆေးရုံ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မကွေးဆေးတက္ကသိုလ် ပင်မဆောင်ဆောက်လုပ်နေမှုနှင့် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအမီ ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မွန်းတည့် ၁၂နာရီတွင် နယ်မြေခံတပ်မရှိ အောင်နိုင်ဟိန်းခန်းမ၌ မကွေးတပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ရှင်းလင်းမှာကြား

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တပ်မိသားစု သက်သာချောင်ချိရေးအတွက် မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ နှစ်ရှည်စားသုံးပင်များနှင့် တပ်ရင်း၊ တပ်ဖွဲ့လိုက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်းပြီး အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တပ်မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

✡ အပြည်ပြည်ဆိုင်ရာမှ

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးနှင့် ကော်မတီဝင်များ၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့နှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အမှာစကားပြောကြားရာ၌ ၁၉၉၄ခုနှစ် ကိုင်ရိုမြို့၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံသည် လူဦးရေနှင့် ဖွံ့ဖြိုးမှုသမိုင်းမှတ်တိုင် တစ်ရပ်ဖြစ်သကဲ့သို့ အမျိုးသမီးများ၏ အခွင့်အရေးနှင့် ပတ်သက်၍ သမိုင်းမှတ်တိုင်တစ်ရပ်လည်း ဖြစ်ကြောင်း၊

ICPD ၏ ရှေ့လုပ်ငန်းစဉ်များကို နိုင်ငံပေါင်း ၁၇၉နိုင်ငံက တညီတညွတ်တည်း လက်ခံသဘောတူခဲ့ကြကြောင်း၊ ယင်းလုပ်ငန်းစဉ်များသည် လူဦးရေဆိုင်ရာ ရည်မှန်းချက်များကို ရောက်ရှိစေရုံသက်သက်သာမက တစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့် အခွင့်အရေးများ ရရှိစေရေးကို အဓိကထား၍ လာမည့် အနှစ်၂၀ကာလအတွက် ရည်မှန်းချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအချိန်ကာလသည် ထိုရည်မှန်းချက်များ ရရှိရေးအတွက် နောက်ထပ် ဆက်လက်၍ ၁၀နှစ်တာ ချီတက်ရမည့် အလယ်ကာလဖြစ်ကြောင်း၊ ICPD က ချမှတ်ပေးထားသော ခိုင်မာသည့် ရည်မှန်းချက်များမှာ လူတိုင်း ပညာသင်ကြားခွင့်ရရှိရန်၊ အထူးသဖြင့် ကျား၊ မ မရွေး မူလတန်းနှင့် အလယ်တန်း ပညာသင်ကြားခွင့် ရရှိစေရန်၊ ကျား၊မ တန်းတူ အခွင့်အရေးရရှိရန်နှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်၊ တစ်နှစ်အောက်ကလေးနှင့် ကလေးသူငယ် သေဆုံးမှုလျော့ကျရေး၊ ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှု လျော့ကျရေး ဆောင်ရွက်ရန်၊ တတ်ကျွမ်းသူများ၏ အကူအညီဖြင့် ကလေးမီးဖွားစေရန်နှင့် HIV/AIDS အပါအဝင် လိင်ဆက်ဆံမှုမှ ကူးစက်သော ရောဂါများမှ ကူးစက်မှု ကာကွယ်တားဆီးရေး ဆောင်ရွက်ရန်တို့ပင် ဖြစ်ကြောင်း။

ယခု အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ကြိုးပမ်းဆောင်ရွက်မှုများ၊ အောင်မြင်မှုများ၊ ICPD ၏ ရှေ့လုပ်ငန်းစဉ်များကို မည်မျှ ဆောင်ရွက်နိုင်ခဲ့သည်ဆိုသည့် အချက်နှင့် ICPD က ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များနှင့် ရည်မှန်းချက်များကို (နောင်လာမည့် ၁၀နှစ်အတွင်း) မည်မျှဆောင်ရွက်နိုင်မည် ဆိုသည့် အချက်များကို ဆွေးနွေးသွားကြမည် ဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Najib Assifi က အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ (၁၀)နှစ်ပြည့်အထိမ်းအမှတ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ဧည့်ကြိုခန်းမ၌ ပြသထားသော အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြသထားသော ဓာတ်ပုံများကို ကြည့်ရှုကြသည်။ ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို နံနက် ၁၀ နာရီခွဲတွင် ကျင်းပပြီး ညနေ ၄နာရီတွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြီးစီးသည်။ (သတင်းစဉ်)

ခေါင်းဆောင်မှုပညာဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တက္ကသိုလ်၊ စိတ်ပညာဌာနမှ ဂုဏ်ထူးဆောင် ပါမောက္ခဆရာကြီး ဒေါက်တာကျော်စိန်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှု ပညာဌာနမှ ပါမောက္ခ ဒေါက်တာခင်စန်းရီတို့ ဦးဆောင် ဆွေးနွေးဟောပြောသည့် Leadership & Motivation Seminarကို ဩဂုတ် ၂၁ ရက် (စနေနေ့)က ရန်ကုန်မြို့ရှိ Grand Plaza Parkroyal ဟိုတယ်၌ နံနက် ၉နာရီခွဲမှ ညနေ ၄နာရီထိ ကျင်းပသည်။

ဆွေးနွေးပွဲကို တူဒေးစာအုပ်တိုက် Executive စီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်း၏ စီစဉ်မှု၊ MK Fashion, Paul Mitchell, TRENDY Fashion & Sports နှင့် ဒီဃာယု (Myanmar Health) ကျန်းမာရေးမဂ္ဂဇင်းတို့၏ ပံ့ပိုးမှုများနှင့် ကျင်းပခြင်းဖြစ်ပြီး UNFPA မှ Assistant Representative ဒေါ်ခင်မမအေး၊ MCC အမှုဆောင် အရာရှိချုပ် ဦးတင်ဝင်းအောင်၊ UPG မှ မန်နေးဂျင်း ဒါရိုက်တာ ဦးအေးဟန်နှင့် SGS (Myanmar) Ltd မှ မန်နေးဂျင်း ဒါရိုက်တာ ဦးကျော်တင်တို့ကလည်း မိမိတို့ လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်(၂၇)နေ ဦးပန်းလှ-ဒေါ်အေးအေးမြင့်၊ သမီး မကေသရီလှမိသားစုတို့က မကေသရီလှ၏ မွေးနေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်သို့ ဩဂုတ် ၁၃ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ယူရို ၂၀၀၄ ကံထူးရှင်အား ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၅

International Beverages Trading Co., Ltd.က ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် ဥရောပဖလား(ယူရို ၂၀၀၄) ဘောလုံးပြိုင်ပွဲ ရင်ခုန်သံများနှင့် ချန်ပီယံ ကံစမ်းမဲအစီအစဉ်မှ ကျပ်သိန်း ၅၀ ကံထူးရှင်အား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၂၁ရက် ညနေ ၆နာရီခွဲက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ International Beverages Trading Co., Ltd.မှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မိုးကျော်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ အရောင်းနှင့် ဈေးကွက်ဒါရိုက်တာ ဦးမိုးသန်းချစ်က ရင်ခုန်သံများနှင့် ချန်ပီယံ ကံစမ်းမဲအစီအစဉ်မှ ကျပ်သိန်း ၅၀ ကံထူးရှင် ဦးခင်ဇော်အား ဆုငွေ ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)** (က-ပ)

စက်မှု(၂) ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဗိုလ်ချုပ်စောလွင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၅

အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ၂၀၀၄ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် အမှတ်(၅၆) ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံအထွေထွေမန်နေဂျာများ တက်ရောက်ကြသည်။

အရှိန်အဟုန်မြှင့်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်စောလွင် **(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားရာ၌ အမှတ်(၂)စက်မှုဝန်ကြီးဌာနသည် စက်မှုကဏ္ဍအပိုင်း၌ အဓိကအပိုင်းမှ ပါဝင်လျက်ရှိကြောင်း၊ ၂၀၀၄–၂၀၀၅ ခုနှစ်သည် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံနှစ်ဖြစ်၍ ထုတ်လုပ်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်ရန် အထူးမှာကြားလိုကြောင်း၊ ၂၀၀၄ခုနှစ် ပြီးခဲ့သည့်ကာလများအတွင်း ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ အားသာချက်များ၊ အားနည်းချက်များကို ဦးစီးဌာန၊ လုပ်ငန်းတစ်ခုချင်းအလိုက် သုံးသပ်ပြီး ၂၀၀၄ ခုနှစ် နောက်ပိုင်းကာလများအတွက် ထုတ်လုပ်မှုလျာထားချက်များ ပြည့်မီကျော်လွန်ရေး ကြိုးစားဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က စက်ရုံများ၏ ၂၀၀၄ ခုနှစ် ထုတ်လုပ်မှု လျာထားချက် ပြည့်မီရေးအတွက် ဆောင်ရွက်ရန်များကို တင်ပြသည်။ ထို့နောက် မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်က ၂၀၀၄ခုနှစ် ကုန်ထုတ်လုပ်မှု လျာထားချက်များပြည့်မီရေး လိုအပ်ချက်များကို သုံးသပ်တင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးများက ၂၀၀၄ခုနှစ် ကုန်ထုတ်လုပ်မှု လျာထားချက်ပြည့်မီရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်း/စက်ရုံများ၏ ထုတ်လုပ်မှုလုပ်ငန်းများအတွက် ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ငွေ၊ ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သည့် ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများအား ဂုဏ်ထူးဆုချီးမြှင့်ငွေများကို ဝန်ကြီး ဗိုလ်ချုပ်စောလွင်ကပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက လက်ခံယူကြသည်။

ဆက်လက်၍ စက်ရုံများ၏ ထုတ်လုပ်မှုလုပ်ငန်းများအတွက် ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ငွေများကို ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်တို့က ပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံယူကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မုဒုံဆရာတော်တရားပွဲ

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) စမ်းမြသီတာ မဟာစည်သာသနာ့ရိပ်သာ၌ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ပြည်တွင်း၊ ပြည်ပနာယက ဘဒ္ဒန္တကုသလာနန္ဒ(မုဒုံဆရာတော်)က ဝါခေါင်လပြည့်နေ့ (ဩဂုတ် ၃၀ရက်) မွန်းလွဲ ၂နာရီတွင် မဟာသတိပဋ္ဌာန်ဝိပဿနာတရားတော်များဟောကြားမည်ဟုသိရသည်။ (၅၀၆)

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၈ ရက်က ဗိုလ်တထောင်ဘုရားအနီး မွန်ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးရဲမြင့်နှင့် အသင်းသူအသင်းသားများ ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းဆက်ကပ်ကြစဉ်။ (က–ပ)

ပဉ္စမအကြိမ် အထူးတရားအားထုတ်ပွဲ

ရန်ကုန် ဩဂုတ် ၂၅

